# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လောကကို မဂ်ဍာဏ်ရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက် | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၁၁၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄)သို့ တက်ရောက် အမှာစကားပြောကြား

**နေပြည်တော် ဇန်နဝါရီ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ဒွဲဘူနှင့် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## ယနေ့ ဖတ်စရာ


**ပဋိပက္ခအားပေးတဲ့ Yellow Journalism သတင်းတင်ဆက်မှုမျိုး မဖြစ်စေလိုပါ** — ဆောင်းပါး စာ ၁၀

**အိန္ဒိယနှင့် ပြင်သစ်နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးမြှင့်တင်ရန် သဘောတူ** — နိုင်ငံတကာသတင်း စာ ၁၃

**ပဋိပက္ခနှင့် ဖွံ့ဖြိုးရေး ဆက်စပ်မှုမှသည် ထာဝရငြိမ်းချမ်းရေးဆီ ...** — ဆောင်းပါး စာ ၁၆

# လက်တွဲမဖြုတ်စတမ်း ကြံ့ကြံ့ခံကျော်လွှားဖြတ်သန်း

မကြာမီ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အခါသမယ ကျရောက်လာတော့မည်ဖြစ်သည်။ တောင်ပေါ်မြေပြန့် တစ်စည်းတစ်လုံး၊ တညီတညွတ်တည်းစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့သော်ငြား ဘိုးဘွားတို့၏ ထိုစိတ်ဓာတ်ကို အနာဂတ်သို့ ပခုံးပြောင်းသယ်ဆောင်ရာတွင်မူ ပေါင်းစည်းမှုအားတို့ လျော့ပါးခဲ့သည်။ နိုင်ငံလွတ်လပ်ရေးရပြီးနောက် ၇၆ နှစ်တာကာလသို့ ရောက်ရှိလာပြီဖြစ်သည့် ယနေ့ကာလတွင်မူ မိမိတို့နိုင်ငံသည် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန်အရေးထက် နိုင်ငံမပြိုကွဲ၊ မပျက်စီးစေရန်ပင် စိုးရိမ်ပူပန်ရသည့်အခြေသို့ ရောက်ရှိနေပြီဖြစ်သည်။

ယနေ့ မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများအားလုံးသည် နိုင်ငံရေးပြဿနာ၊ နိုင်ငံရေးအကျပ်အတည်းကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းလိုခြင်းမှ စတင်သည်။ လက်နက်ကိုင်ပဋိပက္ခ ရှည်ကြာလာသည်နှင့်အမျှ အမုန်းတရား၊ ရန်ငြိုးရန်စအာဃာတအစိုင်အခဲတို့ ပို၍ပို၍ ကြီးလာသည်။ ပြဿနာကိုဖြေရှင်းရန် ပို၍ရှုပ်ထွေးနက်နဲလာပြီး ကိုင်စွဲထားသည့် လက်နက်များကို စွန့်လွှတ်ရန်လည်း ပို၍ခက်ခဲလာသည်။ နိုင်ငံရေးမတည်ငြိမ်မှု၊ လက်နက်ကိုင်ပဋိပက္ခများရှိနေမှုတို့က နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားလှသည့် အဟန့်အတားဖြစ်သည်။ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူတို့ လက်ရှောင်ကြသည့်အတွက်လည်း စီးပွားရေးနောက်ကျနေးကွေးကာ အကျိုးဆက်အနေဖြင့် လူမှုစီးပွားဘဝ နိမ့်ကျစေသည်။

ပြည်တွင်းပြဿနာများ၊ ပဋိပက္ခများသည် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေရုံမျှသာမက နိုင်ငံ၏ ပုံရိပ်နှင့်နိုင်ငံသားတို့၏ ဂုဏ်သိက္ခာကိုလည်း ကျဆင်းစေသည်။ နယ်နိမိတ်ချင်းထိစပ်နေသော အိမ်နီးချင်းနိုင်ငံတို့က နယ်စပ်မျဉ်းတစ်လျှောက် ခြိမ်းခြောက်မှု ပြုလာကြသည်။ မြန်မာနိုင်ငံ၏ပြဿနာ ၎င်းတို့ဘက်ကူးစက်မလာရန်ဟူသော ရည်ရွယ်ချက်နှင့်ဖြစ်ရာ လုံခြုံရေးအတွက် ကောင်းပါသည်ဟု ဆိုမည်ဆိုလျှင် ဆိုနိုင်သော်လည်း၊ ပြဿနာနိုင်ငံအဖြစ် ရှုမြင်ခံရခြင်းအတွက် ရှက်မည်ဆိုလျှင် ရှယ်ဖွယ်ပင်ဖြစ်သည်။ ထို့အပြင် မိမိတို့၏ ပြည်တွင်းရေးပြဿနာတို့သည် အိမ်နီးချင်းနိုင်ငံတို့၏ မီဒီယာတို့တွင် အလွဲလွဲအမှားမှား ပုံဖော်ခံရခြင်း၊ လိုသလို ကောက်ချက်ဆွဲဖော်ပြခံရခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ ပုံရိပ်မှာ ၎င်းနိုင်ငံသားတို့၏ အမြင်၌ ညှိုးနွမ်းရသည်။

ဤသို့ဆိုလျှင် လွတ်လပ်ရေးရပြီးနောက် ၇၆ နှစ်တာ မြန်မာနိုင်ငံသည် တိုင်းပျက်ပြည်ပျက်ကြီးသဖွယ် ပြိုလဲပျက်စီးနေခဲ့ပါသလောဟုဆိုလျှင် လုံးဝမဟုတ်ပါဟုဆိုမှသာ မှန်မည်ဖြစ်သည်။ လက်နက်ကိုင်ဆန့်ကျင်သူတို့ ရှိသော်ငြားလည်း ဘိုးဘွားတို့၏ ပြည်ထောင်စုစိတ်ဓာတ်အမွေကို ခံယူကာ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ အတူတကွ ပူးပေါင်းတည်ဆောက်၊ အတူတကွ ပူးပေါင်းကာကွယ်သူ တိုင်းရင်းသားပြည်သူလူထုအပေါင်း၏ စွမ်းပကားကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဆက်လက်တည်တံ့ခဲ့ရခြင်းဖြစ်သကဲ့သို့ပင် အခက်အခဲများကြားမှ အထိုက်အလျောက် တိုးတက်ခဲ့ရခြင်းဖြစ်သည်။ အဖျက်အင်အားတို့ထက် တိုင်းပြု ပြည်ပြုအင်အားတို့ ပိုမိုကြီးမားအားကောင်းခြင်းကြောင့်သာ နိုင်ငံတည်တံ့နေခြင်းဖြစ်သည်။

မျက်မှောက်ကာလ မိမိတို့ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲ၊ အကျပ်အတည်းဟူသမျှတို့သည် ပြည်ထောင်စုဖွား တိုင်းရင်းသား တိုင်းရင်းသူ၊ ညီအစ်ကိုမောင်နှမအားလုံး၊ မြန်မာနိုင်ငံသူနိုင်ငံသားအားလုံး စည်းလုံးညီညွတ်စွာ အေးအတူ ပူအမျှစိတ်ဓာတ်ဖြင့် ရင်ဆိုင်ကျော်လွှားခြင်းဖြင့် အောင်မြင်မှုရရှိမည်ဟု ယုံကြည်သည်။ ထာဝရငြိမ်းချမ်းသည့်နိုင်ငံ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ၊ စားရေရိက္ခာဖူလုံပြီး သာယာဝပြောသည့်နိုင်ငံကြီးကို မျှော်မှန်း၍ တည်ဆောက်ကြရာတွင် ရင်ဆိုင်ကြုံတွေ့လာရသည့် အနှောင့်အယှက်၊ အဟန့်အတားတို့ကို လက်တွဲမဖြုတ်စတမ်း ကြံ့ကြံ့ခံ ကျော်လွှားဖြတ်သန်းရင်း ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် သမိုင်းပေးတာဝန်ကို မပျက်မကွက်ထမ်းဆောင်ကာ သမိုင်းမှတ်ကျောက်တင် ခံယူကြရပါမည့်အကြောင်း။ ။

## တစ်လှေတည်းစီး တစ်ခရီးတည်းသွား ပြည်ထောင်စုသား သွေးချင်းများ တွဲထားလက်များ ခိုင်စေသား




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇန်နဝါရီ ၂၆

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါက်တာ မြင့်မြင့်ခိုင် | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(ပခုက္ကူ)<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (၂) ဒေါက်တာ နန်းစိုးစိုးအောင် | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(လားရှိုး)<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၂၆

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## ပခုက္ကူမြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းနှင့် အငြိမ်းစားဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းဆက်လက်ထိုးနှံပေးလျက်ရှိ

ပခုက္ကူ ဇန်နဝါရီ ၂၆

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ ခရိုင်/မြို့နယ်အဆင့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းဆက်လက်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ပခုက္ကူမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ဝေဝေဦး၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအအရာရှိ ဒေါ်တင်တင်ခိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက Pfizerအမျိုးအစား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဇန်နဝါရီ ၁၉ ရက်မှစတင်ပြီး အပိုဆောင်းထိုးနှံပေးလျက်ရှိရာ ဇန်နဝါရီ ၂၅ ရက်အထိ ပခုက္ကူခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ စုစုပေါင်း ၁၈၅၅ ဦးတို့အား ထိုးနှံပြီးစီးခဲ့ကြောင်း၊ ကျန်ရှိနေသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအား ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❖ **ပြည်သူ့လုံခြုံရေးစနစ်သည် အရေးကြီးပြီး ပြည်သူလူထု၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးတာဝန်ရှိသူများအားလုံး ညီညီညွတ်ညွတ်ဖြင့် စည်းလုံးမှုရှိပါက လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းရပ်များသည်လည်း အောင်မြင်နိုင်မည်**

❖ **နိုင်ငံတစ်ခုအနေဖြင့် စစ်ရေးအား၊ စီးပွားရေးအားနှင့် နိုင်ငံရေးအားများ ကောင်းမွန်နေရန်လို၊ အဓိကမှာ စီးပွားရေးအားကောင်းမွန်ရန် အထူးအလေးထားဆောင်ရွက်ရမည်**

❖ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင်လည်း နိုင်ငံရေးအရ ဆွေးနွေးဆောင်ရွက်ပြီး လွှတ်တော်တွင်အတည်ပြုရန်လို၊ လက်နက်ကိုင်လမ်းစဉ်ဖြင့် တောင်းဆို၍မရနိုင်**

❖ *ရှေ့ဖုံးမှ*

ဦးစွာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် လုံခြုံရေးနှင့်သက်ဆိုင်သည့်ကိစ္စရပ်များအားလုံးကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြရန်လိုပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုကြည့်၍ လုံခြုံရေးအရ ထိခိုက်စေနိုင်မည့် ကိစ္စရပ်များကို ကြိုတင်ဆွေးနွေးကာကွယ်ခြင်းဖြင့် ဖြေရှင်းနိုင်ရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် Non-CDM ဝန်ထမ်းများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများ၊ တရားမဝင်ကုန်စည်စီးဆင်းမှုများ၊ သတင်းအတု၊ သတင်းမှားများဖြန့်ဝေ၍ ပြည်သူလူထုကြောက်ရွံ့အောင် ဆောင်ရွက်ခြင်းများအပြင် အခြားသောနည်းလမ်းမျိုးစုံဖြင့် အစိုးရ၏အုပ်ချုပ်မှုယန္တရားပျက်ယွင်းအောင် လုပ်ဆောင်မှုများသည် လုံခြုံရေးအရ သတိပြုရမည့်ကိစ္စရပ်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းရပ်များကို စုပေါင်းလုပ်ဆောင်မှုများဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ပေါ်ပေါက်လာခဲ့**

မိမိတို့နိုင်ငံတွင် ၂၀၂၀ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအပြောင်းအလဲများမှတစ်ဆင့် ပဋိပက္ခများဖြစ်ပေါ်ခဲ့ပြီး ပဋိပက္ခများ၏ အခြေခံဖြစ်သည့် ဆူပူဆန္ဒပြမှုအဆင့်မှ အကြမ်းဖက်မှုအဆင့်အထိ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုမှတစ်ဆင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ပြိုကွဲစေလိုသည့်၊ နိုင်ငံရေးအမြတ်ထုတ်လိုသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က ဆူပူအကြမ်းဖက်သည့် လူငယ်၊ လူရွယ်များအား အကြမ်းဖက်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ လက်နက်၊ ခဲယမ်းများ ထောက်ပံ့ပေးအပ်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် နိုင်ငံတွင်းရှိ အချို့မြို့နယ်များ၌ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ပေါ်ပေါက်လာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ထို့ကြောင့် တပ်မတော်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူများနှင့် အတူတကွပူးပေါင်း၍ လက်နက်ကိုင်အကြမ်းဖက်မှုများပပျောက်စေရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သည် အဓိကအားဖြင့် ပြည်ပရန်ကို ကာကွယ်ရန် အဓိကတာဝန်ရှိသည်ဖြစ်သော်လည်း နိုင်ငံတော်၏ သမိုင်းကြောင်းနောက်ခံအခြေအနေများအရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်တွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းရပ်များတွင် ပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုနှင့် ထိတွေ့မှုအများဆုံးဖြစ်ပြီး သက်ဆိုင်ရာဒေသအလိုက် အထွေထွေအုပ်ချုပ်ရေးမှ အဓိကတာဝန်ရှိသည့် အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများနှင့် အတူတကွပူးပေါင်း၍ ပြည်သူလူထု၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် မှတ်ပုံတင်ခွင့်ပြုပြီးဖြစ်သည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရာတွင် ပြည်သူ့လုံခြုံရေးစနစ်နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ပြီး ပြည်သူအားလုံးပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ကို ဖော်ဆောင်ရန် ဆွေးနွေးခဲ့ကြောင်း၊ ပြည်သူ့လုံခြုံရေးစနစ်သည် အရေးကြီးပြီး ပြည်သူလူထု၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးတာဝန်ရှိသူများအားလုံး ညီညီညွတ်ညွတ်ဖြင့် စည်းလုံးမှုရှိပါက လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းရပ်များသည်လည်း အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ အဓိကမှာ အကြမ်းဖက်သူများ၏ သတင်းပေးပို့ရန်ဖြစ်ပြီး သတင်းပေးပို့သူကိုလည်း လျှို့ဝှက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူ့လုံခြုံရေးစနစ်ကို စနစ်တကျဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုပြီး ပြည်သူ့လုံခြုံရေးစနစ်မှတစ်ဆင့် ပြည်သူ့ကာကွယ်ရေးစနစ်သို့ ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း။

**ယုံကြည်မှုဖြင့်တည်ဆောက်မှ ပြည်သူလူထုကပူးပေါင်းပါဝင်မည်**

တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ထိထိရောက်ရောက်နှင့် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့၏ လုပ်ငန်းရပ်များကို ကျေပွန်ရန်နှင့် မှန်မှန်ကန်ကန် လုပ်ဆောင်ရန်လိုပြီး ပြည်သူလူထုက အားကိုးယုံကြည်ရသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်စေရေး စည်းကမ်းပိုင်းအရ ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယုံကြည်မှုဖြင့် တည်ဆောက်မှသာလျှင် ပြည်သူလူထုက ပူးပေါင်းပါဝင်မည်ဖြစ်သည့်အတွက် စည်းကမ်းကောင်းသည့် နိုင်ငံ့ဝန်ထမ်းများ၊ လုံခြုံရေးအဖွဲ့ဝင်များဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းသက်တမ်းကာလတစ်လျှောက် မိမိတို့၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံကိုကောင်းအောင် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အစိုးရတစ်ရပ်သည် ၎င်းတို့၏ မူဝါဒများ၊ ဦးတည်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံ့ကောင်းရာ၊ ကောင်းကျိုးကို သတ်မှတ်သက်တမ်းကာလတစ်ခုအတွင်း ဖော်ဆောင်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အစိုးရအတွက်မဟုတ်ဘဲ နိုင်ငံ့အရေးကိုသာကြည့်၍ တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း။

**တရားမဝင်ကုန်သွယ်မှုများ ထိထိရောက်ရောက်အရေးယူ**

တရားမဝင်ကုန်သွယ်မှုများနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံ၌ ဥပဒေကို ကျော်လွန်၍ ဆောင်ရွက်နေခြင်းများရှိပြီး စီးပွားရေးသမားများအနေဖြင့် ဝိသမလောဘများဖြင့် ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် လုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း၊ ကုန်သွယ်ရေး၊ စီးပွားရေးအပြင် လုံခြုံရေးအတွက်လည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး တရားမဝင်ကုန်သွယ်မှုများမှတစ်ဆင့် လက်နက်ကိုင်အကြမ်းဖက်သမားများထံသို့ ငွေကြေးများစီးဆင်းမှုများဖြစ်ပေါ်စေပြီး ၎င်းမှတစ်ဆင့် လုံခြုံရေးအရ ထိခိုက်မှုများကို ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုများအား ထိထိရောက်ရောက် ဖော်ထုတ်အရေးယူဆောင်ရွက်သွားရန်လိုကြောင်း၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍လည်း ဘိန်းစိုက်ပျိုးမှုများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှုများကို ယခုထက်ပိုမို၍ ဖော်ထုတ်ဆောင်ရွက်သွားရမည်ဖြစ်ပြီး လက်နက်ကိုင်အကြမ်းဖက်သမားများအနေဖြင့် မူးယစ်ဆေးဝါးကို ၎င်းတို့အကျိုးအမြတ်အတွက် လုပ်ဆောင်နေကြခြင်းဖြစ်သဖြင့် တရုတ်၊ ထိုင်း စသည့် အိမ်နီးချင်းနိုင်ငံများ၊ ကုလသမဂ္ဂကဲ့သို့သော မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တိုက်ဖျက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် အွန်လိုင်းလောင်းကစားမှုများ၊ ငွေကြေးလိမ်လည်မှုများနှင့် ပတ်သက်၍လည်း ထိထိရောက်ရောက် ဖော်ထုတ်အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အစိုးရအဖွဲ့မှ တာဝန်ရှိသူများအားလုံး အတူတကွ ဆွေးနွေးကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်သဖြင့် တက်ရောက်လာကြသည့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်အတွက် အပြုသဘောဖြင့် ဆွေးနွေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍရပ်များနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

**နိုင်ငံ့အားများကောင်းမွန်စေရေး ဝိုင်းဝန်းကြိုးပမ်း**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတစ်ခုအနေဖြင့် စစ်ရေးအား၊ စီးပွားရေးအားနှင့် နိုင်ငံရေးအားများ ကောင်းမွန်နေရန်လိုကြောင်း၊ အဓိကမှာ စီးပွားရေးအား ကောင်းမွန်ရန် အထူးအလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ပြည့်ဝအောင်မြင်စွာ စိုက်ပျိုးနိုင်မှုမရှိခြင်းနှင့် စက်ရုံ၊ အလုပ်ရုံများမှ ကုန်ထုတ်လုပ်မှုများ အပြည့်အဝထုတ်လုပ်နိုင်ခြင်းမရှိမှုတို့ကြောင့် စီးပွားရေးအရ အားနည်းချက်များရှိကြောင်း၊ ကမ္ဘာပေါ်ရှိစစ်အင်အားကြီးသည့်နိုင်ငံများ၊ စီးပွားရေးအင်အား ကောင်းမွန်သည့် နိုင်ငံများကို အခြားနိုင်ငံများမှ ဝင်ရောက်မစွက်ဖက်ရဲသည်ကို တွေ့ရှိနိုင်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့အားများ ကောင်းမွန်စေရေး အားလုံးက ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

**ဥပဒေပြင်ပမှ တောင်းဆိုလာ**

နိုင်ငံရေးအရ ကြည့်မည်ဆိုပါကလည်း မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းနေချိန်ဖြစ်သော်လည်း စည်းလုံးညီညွတ်မှုအားနည်းနေသေးသည်ကို တွေ့ရကြောင်း၊ လွတ်လပ်ရေးရရှိသည်မှာ ၇၅ နှစ် ကျော်လွန်လာပြီဖြစ်သော်လည်း နိုင်ငံရေးခိုင်မာအောင် တည်ဆောက်နိုင်ခြင်းမရှိသေးကြောင်း၊ မိမိတို့အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး ဆိုသည့် နိုင်ငံရေးမျှော်မှန်းချက် ၂ ရပ်ကိုချမှတ်ထားကြောင်း၊ ဒီမိုကရေစီစိတ်ဓာတ်၊ တိုင်းပြည်ကောင်းအောင် ဆောင်ရွက်လိုသည့် စိတ်ဓာတ်ရှိမည်ဆိုပါက အဆိုပါမျှော်မှန်းချက်များအတိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုဖြစ်ပွားနေသည့်ပြဿနာမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ကိုယ်ပိုင်ပြည်နယ်၊ ဒေသများရရှိအောင် ဥပဒေပြင်ပမှ တောင်းဆိုလာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးနှင့်ပတ်သက်၍ ဥပဒေ၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်တတ်ရန် လိုအပ်ချက်များစွာရှိနေသေးကြောင်း။

**တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် လုပ်ပိုင်ခွင့်ခွဲဝေပေးထား**

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) သည် မဲပေးခွင့်ရှိသူများ၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက ထောက်ခံထားသည့် ဥပဒေဖြစ်ကြောင်း၊ အဆိုပါအခြေခံဥပဒေသည် ပြည်သူအများစု၏ ဆန္ဒမဲများဖြင့် အတည်ပြုပြဋ္ဌာန်းထားခြင်းဖြစ်သဖြင့် ကျော်လွန်ဆောင်ရွက်၍ မရကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင်လည်း နိုင်ငံရေးအရ ဆွေးနွေးဆောင်ရွက်ပြီး လွှတ်တော်တွင်အတည်ပြုရန်လိုကြောင်း၊ လက်နက်ကိုင်လမ်းစဉ်ဖြင့် တောင်းဆို၍ မရနိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးရှိပြီး လူများစုရှိသည့် တိုင်းရင်းသားများရှိသကဲ့သို့ လူနည်းစုတိုင်းရင်းသားများလည်း ရှိကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားများအားလုံး တန်းတူအခွင့်အရေးရရှိရေးအတွက် ရွေးကောက်ပွဲကို PR စနစ်ဖြင့်ပြုလုပ်နိုင်ရန် ဆွေးနွေးဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ပိုင်ခွင့်အာဏာခွဲဝေပေးထားကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရ တည်ငြိမ်မှုရှိစေရေး နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံအတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ရာတွင် ပြည်သူများအားလုံး အခြေအနေမှန်များသိရှိနိုင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်မှ တာဝန်ရှိသူများအားလုံးအနေဖြင့်လည်း လုပ်ငန်းများဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန် ဆောင်ရွက်ကြစေရေး တာဝန်ရှိသူများအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

# မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ ၂၅ နှစ်ပြည့် ငွေရတုအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေး

## မိမိတို့နိုင်ငံအနေဖြင့် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန်၊ နောက်ကျမကျန်ရစ်စေရန်၊ ဒစ်ဂျစ်တယ်လူမှုဘဝ၊ ဒစ်ဂျစ်တယ်စီးပွားရေး ဘဝများကို ထူထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်

**နေပြည်တော် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ ၂၅ နှစ်ပြည့် ငွေရတုအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ (MICC-II)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌနှင့် ကွန်ပျူတာအသင်းများမှ တာဝန်ရှိသူများ၊ အိုင်စီတီနှင့် ဒစ်ဂျစ်တယ်လုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်နှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် နည်းပညာပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

### ပြခန်းများလှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် ကွန်ပျူတာနည်းပညာပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ပြခန်းအလိုက် ရှင်းလင်းတင်ပြကြသည်။

### ဖျော်ဖြေတင်ဆက်

ယင်းနောက် အခမ်းအနားအစီအစဉ်ဒုတိယပိုင်းကို Plenary Hall ၌ ဆက်လက်ကျင်းပပြုလုပ်ရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ ၂၅ နှစ်ပြည့် ငွေရတုအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို Digital နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးသည်။

*စာမျက်နှာ ၅ သို့*






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ ၂၅ နှစ်ပြည့် ငွေရတုအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို Digital နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့်ကွန်ပျူတာအသင်းများ၏ ၂၅ နှစ်ပြည့် ငွေရတုအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**◆ ဒစ်ဂျစ်တယ်နည်းပညာကို နိုင်ငံအတွင်း ကျေးလက်ဒေသများပါမကျန် နေရာဒေသမရွေး အသုံးပြုနိုင်ရန်အတွက် တစ်နိုင်ငံလုံးတွင် ဆက်သွယ်ရေးကွန်ရက်များ ဖြန့်ကြက်ထားရှိပြီးဖြစ်**

**◆ ဆိုရှယ်မီဒီယာများကို အသုံးပြုကြသည့်နေရာတွင် စနစ်တကျ အကျိုးရှိရှိအသုံးချနိုင်ရန် အရေးကြီးပါကြောင်း၊ မိမိတို့၏ အသုံးပြုမှုသည် အခြားသူကို ထိခိုက်နစ်နာမှုများ မဖြစ်စေရေး၊ အထူးသဖြင့် နိုင်ငံတော်၏ အမျိုးသားစရိုက်လက္ခဏာ၊ နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ထိခိုက်မှုမဖြစ်စေရေး အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်**

*စာမျက်နှာ ၄ မှ*

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများသည် ၁၉၉၆ ခုနှစ်က ထုတ်ပြန်ခဲ့သည့် ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေနှင့်အညီ ၁၉၉၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါနှစ်ပေါင်း ၂၅ နှစ် တိုင်ခဲ့ပြီဖြစ်ပါကြောင်း။

**ချီးကျူးဂုဏ်ပြု**

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ကို ပညာရှင်အသင်း၊ လုပ်ငန်းရှင်အသင်း၊ ဝါသနာရှင်အသင်းတို့ကို အခြေပြုပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အဆင့်ဆင့် ဖွဲ့စည်းထားရှိသည်ကို တွေ့ရှိရပါကြောင်း၊ ဖွဲ့စည်းခဲ့သည့် ၁၉၉၈ ခုနှစ်မှ ယနေ့အထိ ၂၅ နှစ်တာကာလအတွင်း နိုင်ငံတော်၏ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းစွမ်းတမံ ပူးပေါင်းကြိုးပမ်းပါဝင်ဆောင်ရွက်ခဲ့ကြသည့်အတွက် ချီးကျူးဂုဏ်ပြုပါကြောင်း။

ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားကိုလည်း **"ဒစ်ဂျစ်တယ် မြန်မာသို့ (Towards Digital Myanmar)"**ဟူသည့်ဆောင်ပုဒ်နှင့်ကျင်းပခြင်းဖြစ်သဖြင့် နိုင်ငံတော်၏ လက်ရှိဆောင်ရွက်နေသည့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေရှိပြီး လုပ်ငန်းစဉ်များကို များစွာအထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း။

**ဒစ်ဂျစ်တယ်စီးပွားရေးဘဝများထူထောင်**

ယနေ့ကမ္ဘာကြီးတွင် ဒစ်ဂျစ်တယ်နည်းပညာနှင့် လွှမ်းခြုံလည်ပတ်လျက်ရှိနေပြီ ဖြစ်ပါကြောင်း၊ သိပ္ပံနှင့်နည်းပညာ တိုးတက်မြင့်မားလာသည်နှင့်အမျှ နယ်ပယ်ကဏ္ဍအသီးသီးတွင် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးချပြီး အခွင့်အလမ်းများရယူလျက်ရှိနေကြပါကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် မျက်နှာစာအသီးသီးတွင် ဒစ်ဂျစ်တယ်နည်းပညာကို ထိရောက်အောင် အသုံးချနိုင်သည့် နိုင်ငံများတိုးတက်အောင်မြင်နေကြသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ မျက်မှောက်ကာလတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် အရာရာကို ဖန်တီးနေနိုင်ပြီဆိုသည်ကို သတိပြုမိကြရန်နှင့် **မိမိတို့နိုင်ငံအနေဖြင့်လည်း ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန်၊ နောက်ကျမကျန်ရစ်စေရန်၊ ဒစ်ဂျစ်တယ်လူမှုဘဝ၊ ဒစ်ဂျစ်တယ်စီးပွားရေးဘဝများကို ထူထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်** ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် e-Government စနစ်ကို အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်နိုင်ရေးအတွက် "e-Government ဦးဆောင်ကော်မတီ" ကို ဖွဲ့စည်းထားပြီး ဦးဆောင်ကော်မတီကချမှတ်ထားသည့် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် " e-ID စနစ်လုပ်ငန်းကော်မတီ"၊ "e- Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ" တို့ကို ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

**ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု**

နိုင်ငံတော်အတွက် အခြေခံကျပြီး အရေးကြီးဆုံးလုပ်ငန်းစဉ် တစ်ခုဖြစ်သည့် နိုင်ငံအတွင်း နေထိုင်သူတစ်ဦးချင်းစီကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုပြီး Unique ID ( UID ) တစ်ခုစီနှင့် မှတ်ပုံတင်ထားရှိရေး e-ID စနစ်ကို ကူးပြောင်းနိုင်ရေးအတွက် National Database စနစ် တည်ဆောက်ရေး ဦးဆောင်ကော်မတီကို ဖွဲ့စည်းခဲ့ပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ဆောင်ရွက်မည့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများတွင်လည်း Computer-Assisted Personal Interviewing(CAPI)စနစ်ကို ကျင့်သုံးသွားမည်ဖြစ်ပါကြောင်း။

**ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုများ ဆောင်ရွက်နေ**

နိုင်ငံတော်အနေဖြင့်လည်း တီထွင်ဖန်တီးမှုစွမ်းရည်ကို မြှင့်တင်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးကဏ္ဍနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုများ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ကို ဖွံ့ဖြိုးတိုးတက်စေပြီး ပြည်သူတို့၏လူမှုစီးပွားဘဝကို တိုးတက်အောင် ဆောင်ရွက်ရန်ဆိုသည့် မျှော်မှန်းချက်နှင့် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Digital Economy Development Committee – DEDC)ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဒစ်ဂျစ်တယ်နည်းပညာကို နိုင်ငံအတွင်း ကျေးလက်ဒေသများပါမကျန် နေရာဒေသမရွေး အသုံးပြုနိုင်ရန်အတွက် တစ်နိုင်ငံလုံးတွင် ဆက်သွယ်ရေးကွန်ရက်များ ဖြန့်ကြက်ထားရှိပြီး ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၆ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ ၂၅ နှစ်ပြည့် ငွေရတုအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❑ **“ဒစ်ဂျစ်တယ်မြန်မာသို့ (Towards Digital Myanmar)” ဆောင်ပုဒ်နှင့်အညီ ဒစ်ဂျစ်တယ်မြန်မာဖြစ်ပေါ်လာစေရေး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအားလုံးတွင် ဒစ်ဂျစ်တယ်နည်းပညာကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် မြှင့်တင်နိုင်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိအောင် ဆောင်ရွက်နိုင်စေရန် အရှိန်အဟုန်မြှင့်တင်ကြိုးစားကြရန်လိုအပ်**

❑ **နိုင်ငံတော်နှင့်ပုဂ္ဂလိကကဏ္ဍတို့ ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်နိုင်မှသာ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များကို လျင်လျင်မြန်မြန် အကောင်အထည်ဖော်နိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်လာနိုင်မည်**

*စာမျက်နှာ ၅ မှ*

ဆက်သွယ်ရေးကွန်ရက်များ ပိုမိုဖြန့်ကြက်လာနိုင်သည်နှင့်အမျှ တိုးတက်လာသည့် သတင်းအချက်အလက်နည်းပညာများနှင့်အတူ Facebook ၊ Youtube၊ Telegram စသည့် ဆိုရှယ်မီဒီယာ အသုံးပြုမှုများလည်း များပြားလာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆိုရှယ်မီဒီယာများကို အသုံးပြုကြသည့်နေရာတွင် စနစ်တကျ အကျိုးရှိရှိ အသုံးချနိုင်ရန်အရေးကြီးပါကြောင်း၊ မိမိတို့၏ အသုံးပြုမှုသည် အခြားသူကိုထိခိုက်နစ်နာမှုများ မဖြစ်စေရေး၊ အထူးသဖြင့်နိုင်ငံတော်၏အမျိုးသားစရိုက်လက္ခဏာ၊ နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ထိခိုက်မှုမဖြစ်စေရေး အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

### ဆက်လက်ပူးပေါင်းဆောင်ရွက်

**ဒစ်ဂျစ်တယ်ရေစီးကြောင်းသည် ယနေ့ကာလတွင် တန်ဖိုးရှိသည့် သတင်းအချက်အလက်များ သိုမှီးရာနေရာဖြစ်သကဲ့သို့ အလိမ်အညာများ၊ မသေချာ မရေရာမှုများနှင့် ပြည့်နှက်နေသည့် သတင်းအချက်အလက်များ စွန့်ပစ်ရာနေရာဖြစ်နေသည်ကိုလည်း သတိပြုကြရမည်ဖြစ်ပါကြောင်း၊** ဒစ်ဂျစ်တယ်နည်းပညာများကို အန္တရာယ်ကင်းစွာ စနစ်တကျ အသုံးပြုနိုင်ရန်အတွက် သုံးစွဲသူ တစ်ဦးချင်းတွင် လုံလောက်သည့် အသိပညာဗဟုသုတ ရှိရန်လိုအပ်သကဲ့သို့ စောင့်ထိန်းရမည့် ကျင့်ဝတ်စည်းကမ်းများကိုလည်း လိုက်နာကြရန်နှင့် ဥပဒေပိုင်းအရလည်း လိုအပ်သည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းပေးရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်အနေဖြင့် **ပြည်သူများ၏ သတင်းနည်းပညာ လုံခြုံစိတ်ချရမှုကို မျက်ခြည်မပြတ် စောင့်ကြည့်ပြီး ထိန်းသိမ်းနိုင်ရန်အတွက် အဆင့်ဆင့်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများမှတစ်ဆင့် အများပြည်သူကို အသိပညာများပေးခြင်းနှင့် လိုအပ်သည့်ဥပဒေများ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ထုတ်ပြန်ခြင်း လုပ်ငန်းစဉ်များတွင်လည်း သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်ပေးသွားကြရန်ကို**လည်း တိုက်တွန်းမှာကြားလိုပါကြောင်း။



မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ပြည်တွင်းပြည်ပ ICT ပြိုင်ပွဲများတွင် ဆုရရှိခဲ့သူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

### နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်စေရေး

ယနေ့ကမ္ဘာတွင် ဒီဂျစ်တယ်နည်းပညာသည် တစ်ဟုန်ထိုး တိုးတက်နေခြင်းဖြစ်သဖြင့် မိမိတို့နိုင်ငံ ကျန်နေခဲ့ရန် မဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနား၏ ဆောင်ပုဒ်ဖြစ်သည့် **“ဒစ်ဂျစ်တယ်မြန်မာသို့ (Towards Digital Myanmar)”** ဆောင်ပုဒ်နှင့်အညီ **ဒစ်ဂျစ်တယ်မြန်မာဖြစ်ပေါ်လာစေရေး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအားလုံးတွင် ဒစ်ဂျစ်တယ်နည်းပညာကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် မြှင့်တင်နိုင်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိအောင်ဆောင်ရွက်နိုင်စေရန် အရှိန်အဟုန်မြှင့်တင်ကြိုးစားကြရန်** လိုအပ်သည်ဟု တိုက်တွန်းမှာကြားလိုပါကြောင်း။

ယနေ့လက်ရှိ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒစ်ဂျစ်တယ်နည်းပညာအသုံးချနိုင်ရန်အတွက် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် မဖြစ်မနေလိုအပ်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ အဆိုပါလိုအပ်ချက်ကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းရှိသကဲ့သို့ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများကလည်း ပုဂ္ဂလိကကဏ္ဍအနေဖြင့် ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ ထိုသို့ နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍတို့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မှသာ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များကို လျင်လျင်မြန်မြန် အကောင်အထည်ဖော်နိုင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်လာနိုင်မည်ဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများအနေဖြင့် ငွေရတုနှစ်ပတ်လည်ကာလမှ အနာဂတ်ကာလတစ်လျှောက်လုံးတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို မိမိတို့ကျွမ်းကျင်ရာကဏ္ဍအသီးသီးမှ ပူးပေါင်းဆောင်ရွက်ပြီး အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အမှာစကားပြောကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်က လက်ရှိ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ “၂၅ နှစ် ခရီးမှတ်တမ်း” ဗီဒီယိုကို ကြည့်ရှုကြသည်။

### ဆုများပေးအပ်ချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းပြည်ပ ICT ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၆

**၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

**ချစ်ကြည်ရင်းနှီးမှုခိုင်မာလာစေရေး**

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲကို ကျင်းပပြုလုပ်ပေးရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လာရောက်ယှဉ်ပြိုင်ကြသည့် ဘတ်စကက်ဘော အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေး၊ ဘတ်စကက်ဘော မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် ဘတ်စကက်ဘော အားကစားနည်းကို နိုင်ငံအနှံ့ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားကစားကြစေခြင်းဖြင့် ဘတ်စကက်ဘော အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးတို့အတွက် ဖြစ်ပါကြောင်း။

**တိကျစွာဆုံးဖြတ်ဆောင်ရွက်**

ယနေ့ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အားကစားသမားများသည် အရပ်အမောင်းနှင့် ခွန်အား၊ သက်လုံဖွံ့ဖြိုးမှု အကောင်းဆုံးအရွယ်ဖြစ်သည့်အတွက် ထူးချွန်သည့် အားကစားသမားများဖြစ်လာအောင် မိမိတို့၏ ကျွမ်းကျင်မှု အရည်အသွေးများနှင့် ပေါင်းစပ်၍ ကြိုးပမ်းယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ ပြိုင်ပွဲတွင် အနိုင်မခံ၊ အရှုံးမပေးဘဲ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် အသန့်ရှင်းဆုံး ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲ စည်းမျဉ်း၊ စည်းကမ်းများကိုလည်း လေးစား လိုက်နာကြစေလိုကြောင်း၊ ထို့ပြင် ပြိုင်ပွဲကို ကြီးကြပ်ကြမည့် ဒိုင်လူကြီးများကလည်း ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တရားမျှတစွာနှင့် တိကျစွာ ဆုံးဖြတ်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတော်က အားထားရမည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြရန် ပြောကြားပြီး “၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲ” ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။





**ကြည့်ရှုအားပေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ဖွင့်ပွဲ ပွဲစဉ်အဖြစ် ဘတ်စကက်ဘော (အမျိုးသား)ပြိုင်ပွဲ ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။ **(ဝဲပုံ)**

၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသား ၁၂ သင်းနှင့် အမျိုးသမီး ၁၁ သင်းတို့မှ အားကစားသမား စုစုပေါင်း ၃၆၉ ဦး ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အိန္ဒိယသမ္မတနိုင်ငံ (၇၅)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

အိန္ဒိယသမ္မတနိုင်ငံ၏ (၇၅) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် သံတမန်လမ်းရှိ အိန္ဒိယသံအမတ်ကြီးနေအိမ်၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ညှော်ခံပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ဇော်ဟိန်းနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဇနီး၊ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသည့် ညှော့်သည်တော်များအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Vinay Kumar ၊ စစ်သံမှူးနှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

**ဖျော်ဖြေတင်ဆက်**

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် အိန္ဒိယသမ္မတနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ အိန္ဒိယယဉ်ကျေးမှုအဖွဲ့များက အိန္ဒိယနိုင်ငံ ၏ ရိုးရာယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေတင်ဆက်ပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(အောက်ပုံ)**

ယင်းနောက် သံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးတို့က အခမ်းအနား တက်ရောက်လာသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းညှော့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား






**ရန်ကုန် ဇန်နဝါရီ ၂၆**

အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ဇေယျာသီဟခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အကောက်ခွန်ဦးစီးဌာန အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့အဖြစ် သတ်မှတ်ခြင်းသည် ကမ္ဘာတစ်ဝန်းရှိ အကောက်ခွန်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို အသိအမှတ်ပြုရန်၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အကောက်များ အပြည့်အဝရရှိအောင် ကောက်ခံပေးနေသော အကောက်ခွန်ဝန်ထမ်းများကို ဂုဏ်ပြုမှတ်တမ်းတင်နိုင်ရန်နှင့် အကောက်ခွန်ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ အားကောင်းလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၁ ခုနှစ်က ကမ္ဘာ့အကောက်ခွန်အဖွဲ့ (World Customs Organization- WCO) သို့ အဖွဲ့ဝင် အဖြစ် ဝင်ရောက်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့အခမ်းအနားကို နှစ်စဉ် ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၃၃) နှစ်တိုင် ရှိလာပြီဖြစ်ကြောင်း။

ယခု ၂၀၂၄ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ဆောင်ပုဒ်မှာ "Customs-Engaging Traditional and New Partners with Purpose" ဖြစ်ပါကြောင်း၊ အဆိုပါဆောင်ပုဒ်ကို ချမှတ်ခြင်းသည် ကမ္ဘာ့အခင်းအကျင်းတွင် အရှိန်အဟုန်ဖြင့်ပြောင်းလဲလာသည့် နည်းပညာတိုးတက်မှုများ၊ ကုန်သွယ်မှု လျင်မြန်တိုးတက် ပြောင်းလဲလာမှုများနှင့်အတူ စိန်ခေါ်မှုများကို ကျော်လွှားသွားနိုင်ရန်နှင့် အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရန် ရည်ရွယ်ခြင်းလည်း ဖြစ်ကြောင်း၊ အစိုးရဝန်ဆောင်မှုလုပ်ငန်းများတွင် ပြည်သူများ၏ယုံကြည်မှုကိုရရှိရန် နိုင်ငံ့ဝန်ထမ်းတိုင်းတွင် တာဝန်ရှိကြောင်း၊ ထို့ကြောင့် အကောက်ခွန်ဝန်ထမ်းများအနေဖြင့်လည်း ပြည်သူများ၏ယုံကြည်မှုကို အပြည့်အဝရရှိနိုင်ရေးအတွက် ကမ္ဘာ့အကောက်ခွန်အဖွဲ့က ထုတ်ပြန်ထားသော ကိုယ်ကျင့်သိက္ခာနှင့် ကျင့်ဝတ်စံနမူနာပြပုံစံ (Model Code of Ethics and Conduct) ကို စောင့်ထိန်းနိုင်ရန် အရေးကြီးကြောင်း၊ အကောက်ခွန်ဦးစီးဌာနအနေဖြင့် သမားရိုးကျလုပ်ငန်းဆောင်ရွက်မှုမှ နည်းပညာပလက်ဖောင်းလမ်းကြောင်းတွင် ခေတ်မီနည်းပညာများဖြင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နိုင်ရေးသည် အရေးကြီးကြောင်း၊ လက်ရှိအကောင်အထည်ဖော်နေသည့် မြန်မာ့ကုန်ပစ္စည်း အလိုအလျောက်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System-MACCS) စနစ်ကို အခြေခံပြီး နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် (National Single Window) နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး တွန်းအားပေးဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိုကြောင်း၊ နိုင်ငံတော်နှင့် ဝန်ကြီးဌာနမှ ချမှတ်ထားသည့်မူဝါဒများနှင့် အကောက်ခွန်ဦးစီးဌာနကချမှတ်ထားသည့် မူဝါဒဖြစ်သော **"ရှင်းလင်းလွယ်ကူသော အကောက်ခွန်လုပ်ထုံးလုပ်နည်းများဖြင့် ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရန်နှင့် ရသင့်ရထိုက်သောအခွန်ငွေများ ပြည့်ဝစွာရရှိစေရန်"** တို့ကိုလည်း လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့အခမ်းအနားတွင် မှာကြားလိုသည်မှာ အကောက်ခွန်ဦးစီးဌာန၏ဂုဏ်ကို ရေရှည်လင်းလက်တောက်ပနေရန် အရှိန်မြှင့်တင်၍ အစွမ်းကုန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အကောက်ခွန်ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ထာဝစဉ်မှတ်ကျောက်တင်ခံနိုင်စေရေးအတွက် အလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက အကောက်ခွန်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးနှင့် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အကောက်ခွန်ဦးစီးဌာနရှိ ဌာနခွဲများအလိုက် ဂုဏ်ပြုမှတ်တမ်းတင်ဆုရ ဘောလုံးအသင်း၊ ချီးကျူးဂုဏ်ပြုဆုရရှိကြသူများ၊ လုပ်ငန်းစွမ်းဆောင်ရည် ချီးကျူးဂုဏ်ပြုဆုရရှိကြသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၏ ဂုဏ်ပြုမှတ်တမ်းတင်ဆုရရှိကြသူများ၊ ဘဏ္ဍာနှစ်အတွင်း အခွန်လျှာထားချက်ကျော်လွန်အောင် ကောက်ခံနိုင်သည့်အတွက် ချီးကျူးဂုဏ်ပြုဆုရရှိကြသူများ၊ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့်အတွက် ချီးကျူးဂုဏ်ပြုဆုရရှိကြသူများ၊ လုပ်ငန်းစွမ်းဆောင်ရည် ဂုဏ်ပြုမှတ်တမ်းတင်ဆုရရှိကြသူများ၊ သွေးလှူဒါန်းမှု(၅) ကြိမ်နှင့်အထက် ချီးကျူးဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းတင်ဆုရရှိကြသူများ၊ ဌာနခွဲအလိုက် လုပ်ငန်းစွမ်းဆောင်ရည်ဆု ရရှိကြသူများနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိကြသည့် အကောက်ခွန်ဝန်ထမ်းမိသားစုဝင်များကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့်အဖွဲ့သည် အကောက်ခွန်ဦးစီးဌာန၏ တစ်နှစ်တာလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် အကောက်ခွန်သမိုင်းပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြပြီး ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။ ယင်းနောက် အကောက်ခွန်ဦးစီးဌာနရှိ E-Lock Control Room မှတစ်ဆင့် လုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အိန္ဒိယ - မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုတွင် ရူပီး / ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ်နှင့်စပ်လျဉ်း၍ အစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ဦးဆောင်မှုဖြင့် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုတွင် Special Rupee Vostro Account (SRVA) ကို အသုံးပြု၍ ရူပီး/ကျပ်ဖြင့် တိုက်ရိုက်ငွေပေးချေမှု လုပ်ငန်းစတင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် Rupee/Kyat Trade Settlement Mechanism အား ရှင်းလင်းတင်ပြခြင်းဆိုင်ရာ အစည်းအဝေးကို ယနေ့ ညနေ ၄ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၌ ကျင်းပသည်။ **(ယာပုံ)**

**ညှိနှိုင်းဆွေးနွေး**

မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ က မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုကို တိုးမြှင့်နိုင်ရန်၊ ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေနိုင်ရန်၊ နှစ်နိုင်ငံငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် လွယ်ကူချောမွေ့စေရန်၊ အမေရိကန်ဒေါ်လာအပေါ် မှီခိုမှုကို လျှော့ချနိုင်ရန်၊ Exchange Rate Risk များ လျော့နည်းစေရန်နှင့် ပြည်တွင်းငွေကြေးသုံးစွဲမှုကို မြှင့်တင်ရန် ရည်ရွယ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရူပီး-ကျပ် Trade Mechanism ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ရူပီး/ကျပ် ပေးချေမှုဆိုင်ရာ လုပ်ငန်းကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး၊ အိန္ဒိယနိုင်ငံဗဟိုဘဏ် (Reserve Bank of India)၊ Department of Financial Services, Ministry of Finance, India တို့အကြား အပြန်အလှန် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး Joint Concept Note Paper နှင့် Standard Operating Procedures (SOPs) များကိုလည်း အတည်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ "အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုတွင် Special Rupee Vostro Account (SRVA) ကို အသုံးပြု၍ ငွေပေးချေမှုလုပ်ငန်းစဉ်များဆိုင်ရာ လမ်းညွှန်ချက် (Guideline)" အား သက်ဆိုင်ရာဌာနများ၏ သဘောထားမှတ်ချက်များတောင်းခံ၍ ထုတ်ပြန်ပြီးဖြစ်သည့်အတွက် ဖေဖော်ဝါရီလမှစ၍ ပေးချေမှုများ စတင်နိုင်တော့မည်ဖြစ်ပါကြောင်း၊ ကုန်သည်များကိုလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ အိန္ဒိယကုန်သည်များ အသင်းတို့နှင့် ပူးပေါင်း၍ ရှင်းလင်းပွဲများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းအားဖြင့် အိန္ဒိယနိုင်ငံမှ အဓိကတင်သွင်းနေသည့် ဆေးဝါးနှင့် ကုန်စည်များအတွက် ပေးချေရသည့် အမေရိကန်ဒေါ်လာ လိုအပ်ချက် လျော့နည်းသွားခြင်း၊ ကုန်သွယ်မှုအတွက် ငွေပေးချေမှု ပိုမိုလွယ်ကူစေခြင်း၊ ကုန်စည်စီးဆင်းမှု ပိုမိုအားကောင်းလာပြီး ထင်သာမြင်သာ ရှိလာစေခြင်း၊ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုကောင်းမွန်လာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

**အမှာစကားပြောကြား**

ထို့နောက် ရူပီး/ကျပ် ပေးချေမှုအတွက် ဆောင်ရွက်ခွင့်ပြုထားသည့်ဘဏ် (Designated Bank) များဖြစ်သည့် ယူအေဘီဘဏ်လီမိတက်နှင့် CB Bank PCL နှင့် Punjab National Bank တို့မှ Rupee/Kyat Trade Settlement Mechanism ကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနနှင့် မြန်မာ့စီးပွားရေးဘဏ်တို့မှ တာဝန်ရှိသူများက အိန္ဒိယ-မြန်မာကုန်သွယ်မှု အခြေအနေများနှင့် ရူပီး/ကျပ်ဖြင့် တိုက်ရိုက်ငွေပေးချေမှုလုပ်ငန်း စတင်နိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာ့စီးပွားရေးဘဏ်တို့မှ အဆင့်မြင့်အရာထမ်းများ၊ ရူပီး/ကျပ် ပေးချေမှုဆိုင်ရာလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဆောင်ရွက်ခွင့်ပြုထားသည့် ဘဏ် (Designated Bank) တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း ကောက်ယူမည် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ကော်မတီအဆင့်ဆင့်က အောင်မြင်စွာကောက်ယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၆

**မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည်တိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့်အတူ ယနေ့နံနက် ၁၁ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဝင်များနှင့် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဝင်များကို တွေ့ဆုံသည်။**



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် စာရင်းကောက်အဖွဲ့ပေါင်း ၆၄၁ ဖွဲ့ဖြင့် မြေပြင်ကွင်းဆင်း ဆောင်ရွက်ခဲ့ရာတွင် e-ID Software ဖြင့် ထုတ်ယူထားသည့် အိမ်ထောင်စုစာရင်းဖြင့် ကောက်ယူမှု ၃ ဒသမ ၅ သိန်းကျော်၊ အလွတ်ပုံစံဖြင့် ကောက်ယူမှု ရှစ်သောင်းကျော်၊ စုစုပေါင်း ၄ ဒသမ ၃ သိန်းကျော် ကောက်ယူပြီးစီးခဲ့ပြီး လျာထားချက် ရာနှုန်းပြည့်ကောက်ယူနိုင်ခဲ့ပါကြောင်း၊ ကောက်ယူရရှိသည့် စာရင်း အချက်အလက်များကိုလည်း ရုံးချုပ်ရှိ e-ID Sever အတွင်းရှိ အချက်အလက်များနှင့် တိုက်ဆိုင်စိစစ်ပြင်ဆင်ဖြည့်စွက် အတည်ပြုခြင်း လုပ်ငန်းကိုလည်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

**ရှင်းလင်းပြောကြား**

တနင်္သာရီတိုင်း ဒေသကြီး အနေဖြင့် မြေပြင်ကွင်းဆင်း ကောက်ယူရာတွင် အလွတ်ပုံစံများဖြင့် ကောက်ယူခဲ့သည့် အိမ်ထောင်စု ရှစ်သောင်းကျော်အနက် အမှန်တကယ် အိမ်ထောင်စုစာရင်းရှိ/မရှိ စိစစ်၍ နိုင်ငံတော်အစိုးရမှ မြို့နယ်အဆင့် ဖွဲ့စည်းပေးထားသည့် (၅)ဦး ကော်မတီဖြင့် အသေးစိတ်စိစစ်အတည်ပြုကာ နိုင်ငံသားအရည်အချင်းနှင့် ကိုက်ညီသူများကို ဥပဒေနှင့်အညီ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို ပန်းခင်း စီမံချက်အဆင့် (၃) ဖြင့် ဆက်လက် ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့ဌာနမှတာဝန်ယူ၍ နိုင်ငံအတွင်း နေထိုင်သူအားလုံးကို ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာ အချက်အလက် (Biometric) ကောက်ယူကာ e-ID Database အတွင်း သိမ်းဆည်းပြီး ဂဏန်း ၁၀ လုံးပါဝင်သည့် Unique ID နံပါတ် သတ်မှတ်ထုတ်ပေး လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် လူဦးရေရှစ်သောင်း ကျော်ခန့်ကို ကောက်ယူပြီးစီးပြီ ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ် ကိုလည်း ပန်းခင်းစီမံချက်နှင့်အတူ နိုင်ငံသားကတ် ရှိပြီးသူများ နှင့် နိုင်ငံသားကတ်ပြားအသစ် လျှောက်ထားသူများပါ ဆောင် ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ အတွင်း ကောက်ယူမည်ဖြစ်ရာ တိုင်းဒေသ ကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ကော်မတီအဆင့်ဆင့်က အောင်မြင်စွာ ကောက်ယူနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ရှင်းလင်းပြော ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းများ အောင်မြင်ရေးအတွက် ဆက်လက် ဆောင်ရွက်မည့် အခြေအနေများ နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ သည်။

**အမှာစကားပြောကြား**

ယင်းနောက် တက်ရောက် လာကြသူများက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်း တင်ပြကြရာ ပြည်ထောင်စု ဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြား သည်။

ထို့မှတစ်ဆင့် ပြည်ထောင်စု ဝန်ကြီးသည် ထားဝယ်မြို့ သာသနာ့ဗိမာန်၌ ထားဝယ်မြို့နယ် ဦးစီးမှူးရုံး ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ဒေသခံပြည်သူ များအား ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ပြား ဆောင်ရွက်ထုတ်ပေးခြင်း၊ e-ID စနစ်အတွက် Biographic / Biometric ကောက်ယူခြင်း လုပ်ငန်းတို့ကို One Stop Service ဖြင့် ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုပြီး **(အပေါ်ပုံ)** လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ အခမ်းအနားတွင် ထားဝယ်မြို့နယ်ရှိ ဒေသခံပြည်သူ များအနက် နိုင်ငံသားကတ်ပြား မရှိသေးသူများကို ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ဆောင်ရွက်ထုတ်ပေး ပြီးနောက် နိုင်ငံသားကတ်ရှိပြီးသူ များနှင့်အတူ Biographic နှင့် Biometric များ ကောက်ယူကာ e-ID စနစ်အတွက် ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ် ထုတ်ပေး ခြင်းလုပ်ငန်းကို တစ်နေရာတည်း တွင် တစ်ပါတည်း ဆောင်ရွက်ပေး ခြင်းဖြစ်ရာ နိုင်ငံသားကတ်မရှိ သေးသူ ၁၇ ဦးအား နိုင်ငံသား ကတ်ထုတ်ပေးခဲ့ပြီး နိုင်ငံသား ကတ်ရှိပြီးသူ ၄၅ ဦးနှင့်အတူ စုစုပေါင်း ၆၂ ဦးအား e-ID စနစ် ဆောင်ရွက်ပေးပြီး Unique ID နံပါတ်များ ထုတ်ပေးနိုင်ခဲ့သည်။

**ထောက်ပံ့ငွေများပေးအပ်**

ထို့နောက် ပြည်ထောင်စု ဝန်ကြီးသည် တနင်္သာရီတိုင်းဒေသ ကြီးအစိုးရအဖွဲ့ရုံးသို့ တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာ ကို လက်ရည်တစ်ပြင်တည်း အတူတကွသုံးဆောင်ခဲ့ပြီး ဝန်ထမ်း စားရိပ်သာအတွက် ထောက်ပံ့ငွေ များနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**ဖြည့်ဆည်းဆောင်ရွက်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် တိုင်းဒေသကြီး အစိုးရအဖွဲ့ရိပ်သာ၌ပင် တနင်္သာရီ တိုင်းဒေသကြီးအတွင်းရှိ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဦးစီးမှူးရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၂၆**

Campana Mythic Co.,Ltd သည် မြန်မာ-စင်ကာပူ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေအောက် ဖိုင်ဘာကေဘယ်သွယ်တန်းခြင်းလုပ်ငန်းကို ရေအောက်ကေဘယ်ချခင်းသည့် သင်္ဘော CS. Prima Nusantara X ဖြင့် မြန်မာ့ရေပိုင်နက်အတွင်း ဆောင်ရွက်သွားမည့် ဧရိယာများ ဖြစ်သော မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၂ ဒသမ ၄၉၅ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၉ ဒသမ ၀၀၆ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၇ ဒသမ ၀၆၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၅ ဒသမ ၆၂၉ မိနစ်တွင် (၂၈-၁-၂၀၂၄)ရက်နေ့မှ(၁၁-၂-၂၀၂၄) ရက်နေ့ အထိလည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၅ ဒသမ ၄၈၅၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၉ ဒသမ ၆၆၁၀ မိနစ်၊ မြောက် လတ္တီတွဒ် ၁၅ ဒီဂရီ ၁၄ ဒသမ ၉၂၈၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၉ ဒသမ ၅၃၉၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၁၅၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၈ ဒသမ ၇၀၅၂ မိနစ်၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၀ ဒသမ ၇၈၇၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၈ ဒသမ ၆၂၁၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၆ ဒသမ ၅၇၈၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃ ဒသမ ၅၂၆၈ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၅ ဒသမ ၈၃၆၅ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃ ဒသမ ၄၉၇၈ မိနစ်တွင် (၁၂-၂-၂၀၂၄)ရက် နေ့မှ (၁၄-၂-၂၀၂၄) ရက်နေ့အထိလည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၅ ဒသမ ၄၈၅၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၉ ဒသမ ၆၆၁၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၄ ဒသမ ၉၂၈၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၉ ဒသမ ၅၃၉၀ မိနစ်တွင် (၁၅-၂-၂၀၂၄) ရက်နေ့မှ (၁၆-၂-၂၀၂၄) ရက်နေ့အထိလည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၂ ဒသမ ၆၄၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၁ ဒသမ ၃၄၈ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ ဒသမ ၆၄၆ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၁ ဒသမ ၃၃၈ မိနစ်တွင် (၁၇-၂-၂၀၂၄)ရက်နေ့မှ (၂၁-၂-၂၀၂၄) ရက်နေ့အထိလည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ ဒသမ ၆၆၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃ ဒသမ ၀၅၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ ဒသမ ၁၆၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၂ ဒသမ ၄၁၃ မိနစ်တွင် (၂၂-၂-၂၀၂၄)ရက်နေ့မှ (၂-၃-၂၀၂၄)ရက်နေ့အထိလည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ ဒသမ ၉၈၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၃၁ ဒသမ ၉၆၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ ဒသမ ၃၈၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၂ ဒသမ ၄၁၇ မိနစ်တွင် (၃-၃-၂၀၂၄) ရက်နေ့မှ (၅-၅-၂၀၂၄) ရက်နေ့အထိ လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာ့ရေပိုင်နက်အတွင်း ဆောင်ရွက်သွားမည့် ပင်လယ်ရေအောက်ဖိုင်ဘာကေဘယ်များ ပြုပြင်ရေးလုပ်ငန်းများကို ဆောင်ရွက်မည့်လမ်းကြောင်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာ ဧရိယာများအတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပင်လောင်းမြို့နယ်တွင် ယာယီနေစွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**ပင်လောင်း ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် ယာယီနေရပ်စွန့်ခွာပြည်သူ အသက် ၇၀ နှစ်အထက် ဘိုးဘွားများ၊ အသက် ငါးနှစ်အောက် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် မသန်စွမ်းသူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးသည့် ထောက်ပံ့ငွေများကို ယနေ့နံနက်ပိုင်းက ဘက်စုံသုံးခန်းမ၌ ပေးအပ်သည်။

ထိုသို့ထောက်ပံ့ငွေများ ပေးအပ်ရာတွင် ယာယီနေရပ်စွန့်ခွာ ပြည်သူများမှ အသက် ၇၀ နှစ်အထက် ဘိုးဘွား ၁၃၇ ဦး၊ အသက် ငါးနှစ်အောက် ကလေးငယ် ၁၆၉ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ၁၄ ဦးနှင့် မသန်စွမ်း ၁၀ ဦး စုစုပေါင်း ၃၃၀ တို့အား တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၉၉၀၀၀၀၀ ထောက်ပံ့ပေးခဲ့ကြောင်း၊ အဆိုပါထောက်ပံ့ငွေများကို မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးတို့က ရပ်ကွက်/ကျေးရွာ အုပ်စုစာရေးဝန်ထမ်းများနှင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပဋိပက္ခအားပေးတဲ့ Yellow Journalism သတင်းတင်ဆက်မှုမျိုး မဖြစ်စေလိုပါ

ကိုပြည်

ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ဝိတ်တန်းမတူဘဲ ဆင်းထိုးရတဲ့ လက်ဝှေ့သမားလိုတော့ဖြစ်နေပါတယ်။ ဘာမှရေရေရာရာမသိ၊ ထင်ရာမြင်ရာ ရမ်းသန်းပြောဆိုနေတဲ့ Yellow Journalism လောက်အဆင့်ရှိတဲ့ မီဒီယာတစ်ခုရဲ့ ထုတ်လွှင့်ချက်ကို တုံ့ပြန်ပြောဆိုရတာကိုတော့ တွေးပြီးရှက်မိသား။ ဒါပေမယ့် နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့အကျိုးနဲ့ ယှဉ်လာလို့ မပြောချင်လည်း ပြောရတော့မယ်။

မြောက်ပိုင်းသုံးဖွဲ့လို့ဆိုတဲ့ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့တွေရဲ့ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့မှာ စတင်ခဲ့တဲ့ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုနဲ့ပတ်သက်ပြီး TNN World Today အွန်လိုင်းကနေ ဇန်နဝါရီလ ၂၃ ရက်နေ့က သတင်းတစ်ပုဒ် ထုတ်လွှင့်သွားတာ တွေ့ရပါတယ်။ အဲဒီသတင်းထဲမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) မှာဖြစ်နေတဲ့ လက်နက်ကိုင်တိုက်ခိုက်မှုတွေ၊ ရခိုင်ပြည်နယ်မှာ ဖြစ်နေတဲ့ လက်နက်ကိုင်တိုက်ခိုက်မှုတွေနဲ့ မြန်မာနိုင်ငံရဲ့ ဒေသတချို့မှာဖြစ်နေတဲ့ လက်နက်ကိုင် တိုက်ခိုက်မှုတွေအကြောင်း ဖော်ပြသွားပါတယ်။ လက်နက်ကိုင်တိုက်ခိုက်မှုတွေနဲ့ ဆက်စပ်ပြီး ဘင်္ဂါလီနဲ့ မွတ်စလင်အသိုင်းအဝိုင်းအပေါ် ရိုက်ခတ်မှုရှိတယ်ဆိုပြီး လိုချင်တဲ့အကွက်လေးတစ်ကွက်နဲ့ ချိတ်ဆက်တင်ပြသွားတာလည်း တွေ့ရပါတယ်။

### လွတ်လပ်ရေးနဲ့အတူပါလာတဲ့ လက်နက်ကိုင်ပဋိပက္ခ

မြန်မာနိုင်ငံမှာ လက်နက်ကိုင်ပဋိပက္ခတွေဖြစ်တာ အခုမှမဟုတ်ပါဘူး။ လွတ်လပ်ရေးရပြီးကတည်းက ရှိခဲ့တာဖြစ်ပြီး နှစ်ပေါင်း ၇၀ ကျော် ကြာပြီဖြစ်တဲ့ အနာဟောင်းတစ်ခု ဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခဟာ လွတ်လပ်ရေးနဲ့အတူပါလာခဲ့တဲ့ ဖွားဖက်တော်လို့တောင် ပြောလို့ရပါတယ်။ နယ်ချဲ့အင်္ဂလိပ်တွေက တောင်တန်းပြည်မခွဲခြားပြီး လွတ်လပ်ရေး ပေးလိုပေမယ့် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့ မြန်မာအမျိုးသားခေါင်းဆောင်တွေက လွတ်လပ်ရေးကို တစုတစည်းတည်း၊ တစ်ချိန်တည်း တစ်ပြိုင်တည်း ရယူလိုတာကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခက်ခက်ခဲခဲ တည်ဆောက်ပြီး ရယူခဲ့ရတာဖြစ်ပါတယ်။ ဒါပေမယ့် စလယ်ဝင် ဖင်မမည်းခင်ကကွဲ ဆိုတာလို လွတ်လပ်ရေးမရခင်ကတည်းက ခွဲထွက်ချင်တဲ့ တိုင်းရင်းသားတချို့ကလည်း ရှိနေခဲ့တာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဝါဒရေးရာကို အခြေခံတဲ့သူတွေကလည်း နိုင်ငံတော်အာဏာ မရရှိတာနဲ့တင် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြပြန်ပါတယ်။ အဲဒီအကျိုးဆက်တွေဟာ ဒီနေ့အထိ အကင်းမသေနိုင်သေးဘဲ ဖွဲမီးလို တငွေ့ငွေ့လောင်လိုက်၊ ကောက်ရိုးမီးလို ဝုန်းခနဲထတောက်လိုက်ဆိုတာလို ဟိုတစ်ကွက် ဒီတစ်ကွက် ဖြစ်နေခဲ့တာပါ။ ဒီပဋိပက္ခဟာ အစိုးရအဆက်ဆက်အတွက် ခေါင်းခဲစရာတစ်ခု ဖြစ်နေခဲ့တာပါပဲ။

### TNN World Today ကို မေးချင်တဲ့ မေးခွန်းတစ်ခု

ဒီနေ့ မြန်မာနိုင်ငံ ဒေသတချို့မှာ လက်နက်ကိုင်ပဋိပက္ခတွေ ရှိနေတယ်ဆိုတာ အမှန်ပဲဖြစ်ပါတယ်။ ဒါပေမယ့် ဒါတွေဟာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ ဖြစ်ပေါ်ခဲ့တဲ့ မဲမသမာမှုတွေကို နည်းလမ်းတကျ ဖြေရှင်းပေးခြင်း မရှိခဲ့တာကနေ အကြောင်းခံပြီး ဖြစ်လာခဲ့တဲ့ ပဋိပက္ခမီးတောက်ဖြစ်ပါတယ်။ မဲမသမာမှုတွေ ရှိနေတယ်ဆိုတာကို အထောက်အထားတွေနဲ့တကွ တင်ပြပြီး ဖြေရှင်းပေးဖို့ အဲဒီအချိန်က NLD အစိုးရတာဝန်ရှိသူအဆင့်ဆင့်ကို တပ်မတော်က နည်းလမ်းမျိုးစုံနဲ့ အကြိမ်ကြိမ်တောင်းဆိုခဲ့ပေမယ့် လျစ်လျူရှုခြင်းခံခဲ့ရတယ်။

ဒီအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ရှိတဲ့ တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အာဏာထိန်းခဲ့ရတယ်။ ဒီအတွက် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းဖို့ အခွင့်အလမ်းရှိနေချိန်မှာ နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းခြင်းမရှိဘဲ လက်နက်ကိုင်နည်းလမ်းနဲ့ ဖြေရှင်းခဲ့တာကြောင့် အခုလို အခြေအနေတွေ ရောက်လာခဲ့တာ ဖြစ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့ကလည်း ဒီလိုအခွင့်အရေးမျိုးစောင့်ပြီး တောမီးလောင် တောကြောင်လက်ခမောင်းခတ် ဆိုတာလို အကြမ်းဖက်မှုပိုကြီးလာအောင် မီးထိုးပေးခဲ့ကြပါတယ်။

> “နိုင်ငံတကာအနေနဲ့ မြန်မာနိုင်ငံမှာ ဖြစ်နေတာတွေနဲ့ပတ်သက်ပြီး အာရုံစိုက်သင့်တာတစ်ခုတော့ ရှိပါတယ်။ အဲဒါကတော့ ဒီနေ့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF)လို့ အမည်ခံထားတဲ့ အကြမ်းဖက်သမားတွေရဲ့ အပြစ်မဲ့ပြည်သူလူထုအပေါ် အကြမ်းဖက်သတ်ဖြတ်မှုတွေ၊ ပြည်သူပိုင် အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လျှပ်စစ်တာဝါတိုင်နဲ့ စာသင်ကျောင်းတွေ ဖျက်ဆီးခဲ့တာတွေ၊ ဘဏ်တွေ ဓားပြတိုက် လုယက်တာတွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့က ပြည်သူပိုင် လမ်း၊ တံတားတွေ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့တာတွေ၊ အတင်းအဓမ္မတပ်သားသစ် စုဆောင်းနေတာတွေ၊ ဆက်ကြေးကောက်ခံနေတာတွေ၊ မြန်မာနိုင်ငံမှာ လူအများစုကိုးကွယ်ရာဘာသာတစ်ခုဖြစ်တဲ့ ဘုရားစေတီ ပုထိုးတွေကို ထုခွဲဖျက်ဆီးနေတာတွေပဲ ဖြစ်ပါတယ်”

အခုမြောက်ပိုင်းသုံးဖွဲ့လို့ ပြောနေတဲ့ အဖွဲ့တွေဟာ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းကနေ ဝင်ငွေအများအပြားရပြီး လက်နက်ဝယ်၊ လူစု၊ အင်အားတည်ဆောက်ခဲ့ကြတဲ့အဖွဲ့တွေ ဖြစ်တယ်ဆိုတာကို TNN World Today မသိဘဲ မနေလောက်ပါဘူး။ ဒီနေ့ မြန်မာနိုင်ငံမှာ ဖြစ်နေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေအကြောင်းပြောမယ်ဆိုရင် နိုင်ငံတော်အစိုးရက အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာခြင်းခံထားရတဲ့ NUG ရဲ့ ကာကွယ်ရေးဝန်ကြီးဆိုသူ အခု ဘယ်မှာနေနေလဲ၊ နှစ်သစ်ကူးညတစ်ညမှာ အိမ်အပြင်ထွက်ပြီး အရက်ဝယ်လို့ ရဲက ဒဏ်ရိုက်ခံရတာ ဘယ်နိုင်ငံမှာလဲဆိုတဲ့ အကြောင်း သတင်းရဲ့နောက်ခံလေးမှာ ထည့်ပြောလိုက်ရင် ပိုမကောင်းဘူးလားလို့ TNN World Today ကို မေးခွန်းတစ်ခု ထုတ်ချင်ပါတယ်။ ဒီမေးခွန်းဟာ TNN World Today အတွက် အမှန်အတိုင်း ဖြေချင်ရင် ခက်ခဲမယ့်မေးခွန်းတစ်ခု မဟုတ်လောက်ပါဘူး။

### ထိုင်းအစိုးရနဲ့ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားမှာ အဲဒီအချိန်က ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sihasak Phuangketkeow က “မိမိတို့ရဲ့ ထောက်ခံအားပေးမှုမှာ ယနေ့ထိတိုင် ခိုင်မြဲစွာနဲ့ တစ်သမတ်တည်း ဆက်လက်တည်ရှိနေဆဲဖြစ်တဲ့အကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် လွန်ခဲ့သည့် (၈) နှစ်က NCA ရဲ့ ရည်မှန်းချက်ပန်းတိုင်နဲ့ ရည်ရွယ်ချက်တို့အပေါ် ခိုင်မာစွာယုံကြည်ခဲ့တာ ယနေ့ထက်တိုင်ရှိကြောင်းကို အဆွေတော်တို့အား စိတ်ချယုံကြည်နိုင်ကြောင်း၊ မြန်မာပြည်သူများနဲ့ တစ်နိုင်ငံလုံးရဲ့ ပြင်းပြသောစိတ်ဆန္ဒပြည့်မြောက်စေရန်အတွက် သက်ဆိုင်သူများအားလုံး ထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်တဲ့လမ်းကြောင်းအပေါ်မှာ မြန်မာနိုင်ငံအောင်မြင်စွာ လျှောက်လှမ်းသွားနိုင်ဖို့ ဆုမွန်ကောင်းတောင်းတဲ့အကြောင်း” ပြောကြားခဲ့ပါတယ်။

လက်ရှိထိုင်းအစိုးရက မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်ကူညီဆောင်ရွက်လိုတဲ့အကြောင်း ထုတ်ဖော်ပြောဆိုထားပြီးသားဖြစ်ပါတယ်။ မြန်မာအစိုးရနဲ့ ထိုင်းအစိုးရရဲ့ ဆက်ဆံရေးဟာလည်း အပြုသဘောဆောင်ပြီး ကောင်းမွန်ပါတယ်။ အစိုးရချင်း ဆက်ဆံရေးတင်မကဘဲ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးဟာလည်း နီးနီးကပ်ကပ်ရှိပါတယ်။ Thai News Network ရဲ့ ရုပ်သံသတင်းဌာနတစ်ခုဖြစ်တဲ့ TNN World Today အနေနဲ့ ပဋိပက္ခနဲ့ပတ်သက်တဲ့ သတင်းတွေကို တင်ဆက်ရာမှာ ပဋိပက္ခကို ပိုမိုဆိုးရွားစေတာမျိုးမဟုတ်ဘဲ ငြိမ်းချမ်းရေးကို ဦးတည်တဲ့တင်ဆက်မှုမျိုးသာ ဖြစ်သင့်ပါတယ်။

ထိုင်းနိုင်ငံ တောင်ပိုင်းမှာလည်း မွတ်စလင်ခွဲထွက်ရေး လှုပ်ရှားမှုကြောင့် ပဋိပက္ခတွေဖြစ်ခဲ့တာ မကြာသေးပါဘူး။ ဒါမျိုးကိုလည်း ဒေသတွင်းသတင်းဌာနတွေက ပဋိပက္ခပိုကြီးလာအောင် မီးထိုးပေးတဲ့ သတင်းတင်ဆက်ခဲ့တာမျိုး မတွေ့ရသလောက်ပါပဲ။ အခု TNN World Today ရဲ့ သတင်းတင်ဆက်ပုံဟာ လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားရတဲ့ အကြောင်းရင်းနဲ့ ဘာမှသက်ဆိုင်ခြင်းမရှိတဲ့ ဘင်္ဂါလီကိစ္စနဲ့ ဆက်စပ်ဖော်ပြတာမျိုးဟာ အရုပ်ဆိုးလွန်းပါတယ်။

**တချို့သတင်းဌာနတွေဟာ သူတို့သတင်းကို လူစိတ်ဝင်စားမှုပိုရအောင် ပုံကြီးချဲ့တင်ပြတာမျိုး၊ ထိလွယ်ရှလွယ်တဲ့ကိစ္စမျိုးကို ထည့်သွင်းဖော်ပြလေ့ရှိတတ်ကြပါတယ်။ ဒါကို စာနယ်ဇင်းလောကမှာတော့ Yellow Journalism လို့ ခေါ်ကြပါတယ်။** အခု TNN World Today ရဲ့ သတင်းတင်ဆက်ပုံမျိုးပါပဲ။ သတင်းဌာနတချို့ဟာ သတင်းလွတ်လပ်ခွင့်ကို အလွဲသုံးစားလုပ်ပြီး သတင်းမီဒီယာကျင့်ဝတ်တွေကို မသိမသာတစ်မျိုး၊ သိသိသာသာတစ်မျိုး ချိုးဖောက်နေကြတာ တွေ့နေရပါတယ်။

### လူအများစု ကိုးကွယ်ရာဘာသာကိုပင် စော်ကားသူတွေ

ဒါ့အပြင် မြန်မာနိုင်ငံမှာဖြစ်နေတဲ့ အခြေအနေတွေနဲ့ပတ်သက်လို့ နိုင်ငံတကာက အာရုံစိုက်ဖို့လိုပြီဆိုတာမျိုး ပြောသွားသလို ထိခိုက်ခံစားနေရသူတွေအတွက်လည်း ကူညီထောက်ပံ့မှုတွေ ပေးဖို့လိုပြီဆိုပြီး ထုတ်လွှင့်သွားတာ တွေ့ရပါတယ်။ လက်နက်ကိုင်ပဋိပက္ခတစ်ခုဖြစ်လာပြီဆိုရင်တော့ ထိခိုက်ခံစားရမှုတွေ အနည်းနဲ့အများဆိုတာ ရှိမှာပါ။ မြန်မာအစိုးရဟာ ကုလသမဂ္ဂအေဂျင်စီတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။

> “ဒီလို လူသားမဆန်တဲ့လုပ်ရပ်တွေကို လက်မခံနိုင်ကြတဲ့ ရဟန်းရှင်၊ လူ၊ ပြည်သူတွေက နိုင်ငံတစ်ဝန်းရှိ မြို့အသီးသီးမှာ ကန့်ကွက်ဆန္ဒဖော်ထုတ်နေကြတဲ့ မြင်ကွင်းတွေကိုလည်း မြင်တွေ့နိုင်ပါတယ်။ ထိုင်းနိုင်ငံလည်း ဗုဒ္ဓဘာသာဝင်အများစုရှိတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက်ကြောင့် ဘာသာသာသနာနဲ့ပတ်သက်ပြီး အခုလို စော်ကားခံရတာမျိုးကို ထိုင်းပြည်သူတွေ ထပ်တူခံစားနိုင်မယ်လို့ ယုံကြည်ပါတယ်။ PDF အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ လုပ်ရပ်တွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို အနောက်နိုင်ငံက မီဒီယာတွေ မသိဘူးဆိုတာ လက်ခံပေးလို့ရကောင်းရနိုင်ပေမယ့် ထိုင်းမီဒီယာတွေကတော့ ကောင်းကောင်းသိကြပါတယ်။ ထိုင်းကနေပြီး အကြမ်းဖက်မှုကို ထောက်ပံ့လုပ်နေတဲ့သူအကြောင်း TNN World Today အနေနဲ့ သတင်းတစ်ပုဒ် တင်ဆက်နိုင်ရင်ကောင်းမယ်လို့ အကြံပြုချင်ပါတယ်။ PDF တွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေနဲ့ပတ်သက်လို့ အကြမ်းဖက်မှုဆိုင်ရာ နိုင်ငံအလိုက်အစီရင်ခံစာ ၂၀၂၂ (Country Reports on Terrorism – CRT)မှာ ဖော်ပြပြီး နောက်မှပြန်ဖြုတ်သွားတာ ဖြစ်ပါတယ်”

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

နိုင်ငံတကာအနေနဲ့ မြန်မာနိုင်ငံမှာ ဖြစ်နေတာတွေနဲ့ပတ်သက်ပြီး အာရုံစိုက်သင့်တာတစ်ခုတော့ရှိပါတယ်။ အဲဒါကတော့ ဒီနေ့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF)လို့ အမည်ခံထားတဲ့ အကြမ်းဖက်သမားတွေရဲ့ အပြစ်မဲ့ပြည်သူလူထုအပေါ် အကြမ်းဖက်သတ်ဖြတ်မှုတွေ၊ ပြည်သူပိုင် အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လျှပ်စစ်တာဝါတိုင်နဲ့ စာသင်ကျောင်းတွေ ဖျက်ဆီးခဲ့တာတွေ၊ ဘဏ်တွေစားပြတိုက်လုယက်တာတွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့က ပြည်သူပိုင် လမ်း၊ တံတားတွေ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့တာတွေ၊ အတင်းအဓမ္မတပ်သားသစ် စုဆောင်းနေတာတွေ၊ဆက်ကြေးကောက်ခံနေတာတွေ၊ မြန်မာနိုင်ငံမှာ လူအများစုကိုးကွယ်ရာဘာသာတစ်ခုဖြစ်တဲ့ ဘုရားစေတီ ပုထိုးတွေကို ထုခွဲဖျက်ဆီးနေတာတွေပဲ ဖြစ်ပါတယ်။

ဒီလို လူသားမဆန်တဲ့ လုပ်ရပ်တွေကို လက်မခံနိုင်ကြတဲ့ ရဟန်းရှင်၊ လူ၊ ပြည်သူတွေက နိုင်ငံတစ်ဝန်းရှိ မြို့အသီးသီးမှာ ကန့်ကွက်ဆန္ဒဖော်ထုတ်နေကြတဲ့ မြင်ကွင်းတွေကိုလည်း မြင်တွေ့နိုင်ပါတယ်။ ထိုင်းနိုင်ငံလည်း ဗုဒ္ဓဘာသာဝင်အများစုရှိတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက်ကြောင့် ဘာသာသာသနာနဲ့ပတ်သက်ပြီး အခုလို စော်ကားခံရတာမျိုးကို ထိုင်းပြည်သူတွေ ထပ်တူခံစားနိုင်မယ်လို့ ယုံကြည်ပါတယ်။ PDF အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ လုပ်ရပ်တွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို အနောက်နိုင်ငံက မီဒီယာတွေမသိဘူးဆိုတာ လက်ခံပေးလို့ ရကောင်းရနိုင်ပေမယ့် ထိုင်းမီဒီယာတွေကတော့ ကောင်းကောင်းသိကြပါတယ်။ ထိုင်းကနေပြီး အကြမ်းဖက်မှုကို ထောက်ပို့လုပ်နေတဲ့သူအကြောင်း TNN World Today အနေနဲ့ သတင်းတစ်ပုဒ်တင်ဆက်နိုင်ရင်ကောင်းမယ်လို့ အကြံပြုချင်ပါတယ်။ PDF တွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေနဲ့ပတ်သက်လို့ အကြမ်းဖက်မှုဆိုင်ရာ နိုင်ငံအလိုက်အစီရင်ခံစာ ၂၀၂၂ (Country Reports on Terrorism – CRT) မှာ ဖော်ပြပြီး နောက်မှပြန်ဖြုတ်သွားတာ ဖြစ်ပါတယ်။

## ပါတီစုံဒီမိုကရေစီ လမ်းကြောင်းကနေ သွေဖည်ခြင်းမရှိ

မြန်မာနိုင်ငံမှာ ဒီနေ့ဖြစ်နေတဲ့ လက်နက်ကိုင်ပဋိပက္ခတချို့ဟာ ဒီနေ့ နိုင်ငံတော်တာဝန်ယူထားတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အာဏာထိန်းလို့ဆိုပြီး နိုင်ငံတော်အာဏာကို မတရားနည်းနဲ့ ရယူလိုသူတချို့နဲ့ တိုင်းရင်းသားလက်နက်ကိုင်တချို့က တံဆိပ်တပ်ကောင်းတပ်ကြပါလိမ့်မယ်။ အမှန်တော့ လက်နက်ကိုင်ပဋိပက္ခတွေဟာ ဒီနေ့ နိုင်ငံတော်တာဝန်ယူထားတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကြောင့်မဟုတ်သလို တပ်မတော်ကြောင့် ပေါ်ပေါက်လာခဲ့တာလည်း မဟုတ်ပါဘူး။

ထိုင်းနိုင်ငံဆိုရင် ထိုင်းတပ်မတော်က အာဏာထိန်းခဲ့တာ မြန်မာနိုင်ငံထက် အကြိမ်ရေ ပိုများပါတယ်။ မှတ်မိသလောက်ဆိုရင် ၁၂ ကြိမ်နဲ့အထက်မှာ ရှိပါတယ်။ ဒါဟာ ထိုင်းပြည်တွင်းရေးဖြစ်တဲ့အတွက် မှားတယ်၊ မှန်တယ် ပြောစရာမရှိသလို တခြားဘာအကြောင်းအရာနဲ့မှလည်း ချိတ်ဆက်မပြောလိုပါဘူး။ ထိုင်းအစိုးရနဲ့ ထိုင်းပြည်သူတွေရဲ့ ကိစ္စပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ကတော့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံတွေနဲ့ ချစ်ကြည်ရင်းနှီးတဲ့ဆက်ဆံရေးကိုသာ အမြဲဦးတည်ခဲ့တာ ဖြစ်ပါတယ်။ မြန်မာအစိုးရအဆက်ဆက်ဟာ ရန်သူ၊ ရန်ဘက်မရှိဘဲ အားလုံးနဲ့ ချစ်ကြည်ရေးကို တည်ဆောက်ထားတာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းကပဲ ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့မှာ ကျင်းပခဲ့တဲ့ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ရဲ့ (၁၉)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို ဒုတိယဝန်ကြီးချုပ်နဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်ခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ဒီဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ စတင်ထူထောင်ရာမှာပါဝင်ခဲ့တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒုတိယဝန်ကြီးချုပ်နဲ့ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရရဲ့ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းနေမှုတွေနဲ့ မြန်မာနိုင်ငံရဲ့ လက်ရှိဖြစ်ပေါ် တိုးတက်မှုအခြေအနေတွေကို ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

ဒီနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရဆိုတာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ မဲမသမာမှုတွေကို သက်ဆိုင်ရာတာဝန်ရှိအစိုးရက ဖြေရှင်းမပေးလို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တာဝန်ယူခဲ့ရတဲ့အစိုးရသာ ဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကနေ သွေဖည်ခြင်းမရှိဘဲ ပြန်လည်လျှောက်လှမ်းနိုင်ရေး ဖော်ဆောင်ပေးနေခြင်းသာ ဖြစ်ပါတယ်။ နိုင်ငံရေးအရ အယူအဆ မတူသူတွေကိုလည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းဖို့လည်း အကြိမ်ကြိမ်ထုတ်ဖော်ပြောဆိုထားပြီး ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးတံခါးအမြဲဖွင့်ထားကြောင်းလည်း ထပ်ဖန်တလဲလဲ ပြောထားခဲ့ပြီးဖြစ်ပါတယ်။ လက်နက်ကိုင်ဖြေရှင်းတဲ့ နည်းလမ်းဟာ နှစ် ၇၀ ကျော်ကာလ မြန်မာ့သမိုင်းက သက်သေပြခဲ့ပြီးဖြစ်သလို မျက်မှောက်ခေတ် ကမ္ဘာ့အခြေအနေတွေကလည်း သက်သေပြနေပါတယ်။

## Yellow Journalism မဖြစ်စေချင်

မီဒီယာတွေအနေနဲ့လည်း ပဋိပက္ခဖြစ်စဉ်တွေကို သတင်းရေးသားရာမှာ အထူးသတိထားသင့်ပါတယ်။ ပဋိပက္ခဖြစ်စဉ်တစ်ခုအပေါ် ဘက်ပေါင်းစုံက စဉ်းစားပြီး တိကျခိုင်လုံတဲ့ သတင်းအရင်းအမြစ်မျိုးစုံကနေရယူပြီး ငြိမ်းချမ်းရေးကို ဦးတည်တဲ့ တင်ဆက်မှုမျိုး၊ မျှတတဲ့ တင်ဆက်မှုမျိုးဖြစ်အောင် ကြိုးပမ်းသင့်ပါတယ်။ ဒီလိုမဟုတ်ဘဲ လိုချင်တဲ့ အပိုင်းလေးကွက်ပြီး တင်ဆက်မယ်ဆိုရင်တော့ ပဋိပက္ခအားပေးတဲ့ တင်ဆက်မှုမျိုး ဖြစ်သွားနိုင်တယ်ဆိုတာ သတိပြုသင့်ပါတယ်။ အခု TNN World Today ရဲ့ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ သတင်းတင်ဆက်မှုမျိုးဟာ သတင်းမီဒီယာကျင့်ဝတ်မဲ့ပြီး ပဋိပက္ခအားပေးတဲ့ Yellow Journalism တင်ဆက်မှုမျိုး ဖြစ်နေပါကြောင်း ကောက်ချက်ချမိပါတယ်။ ။

**"အခု မြောက်ပိုင်းသုံးဖွဲ့လို့ပြောနေတဲ့ အဖွဲ့တွေဟာ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းကနေ ဝင်ငွေအများအပြားရပြီး လက်နက်ဝယ်၊ လူစု၊ အင်အားတည်ဆောက်ခဲ့ကြတဲ့ အဖွဲ့တွေဖြစ်တယ်ဆိုတာကို TNN World Today မသိဘဲမနေလောက်ပါဘူး။ ဒီနေ့ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေအကြောင်း ပြောမယ်ဆိုရင် နိုင်ငံတော်အစိုးရက အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာခြင်းခံထားရတဲ့ NUG ရဲ့ ကာကွယ်ရေးဝန်ကြီးဆိုသူ အခု ဘယ်မှာနေနေလဲ၊ နှစ်သစ်ကူးညတစ်ညမှာ အိမ်အပြင်ထွက်ပြီး အရက်ဝယ်လို့ ရဲက ဒဏ်ရိုက်ခံရတာ ဘယ်နိုင်ငံမှာလဲဆိုတဲ့အကြောင်း သတင်းရဲ့နောက်ခံလေးမှာ ထည့်ပြောလိုက်ရင် ပိုမကောင်းဘူးလားလို့ TNN World Today ကို မေးခွန်းတစ်ခုထုတ်ချင်ပါတယ်။ ဒီမေးခွန်းဟာ TNN World Today အတွက် အမှန်အတိုင်းဖြေချင်ရင် ခက်ခဲမယ့်မေးခွန်းတစ်ခု မဟုတ်လောက်ပါဘူး"**

## ပျဉ်းမနားမြို့နယ်၌ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကျင်းပ

**ပျဉ်းမနား ဇန်နဝါရီ ၂၆**

နေပြည်တော် ပျဉ်းမနားမြို့နယ်၌ ၂၀၂၃ – ၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၂၅ ရက်က ရွာကောက် မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီချိုက အမှာစကား ပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာ့အလင်းသတင်းထောက် ဆောင်းပါးရှင်စာရေးဆရာ ဦးဇော်မျိုးနိုင်က ပညာရေးစုံညီ ပွဲတော်ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် K.G မှ Grade–7 အထိ အားကစားထူးချွန်ဆု၊ စာပေထူးချွန်ဆုရရှိသူများအား ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ပြီး



ကျောင်းသား ကျောင်းသူများက အကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**သူဇာလှိုင် (ပညာရေး)**

## ဇမ္ဗူသီရိမြို့နယ်၌ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၆**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ၂၀၂၃–၂၀၂၄ ပညာသင်နှစ် ပညာရေး စုံညီပွဲတော်ကို ဇန်နဝါရီ တတိယပတ်အတွင်းက အထက (၁၄) ကျောင်း၌ ကျင်းပရာ နေပြည်တော်ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြာညိုက အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာကြီးဦးဝင်းနိုင်က ပညာရေးစုံညီပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**

## အင်းစိန်မြို့နယ်၌ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အကြိုပြိုင်ပွဲများကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်မြို့နယ်)နှင့် မြို့နယ်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာပေဟောပြောပွဲနှင့် ပြိုင်ပွဲများကို ဇန်နဝါရီ ၂၅ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးဘိုကြည်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို စာပေဟောပြောပွဲ၊ စာစီစာကုံး၊ ပန်းချီ၊ ဆေးရောင်ခြယ်၊ ပုံပြော၊ ကဗျာနှင့် နံရံကပ်ဓာတ်ပုံပြပွဲ ပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ စာပေဟောပြောပွဲတွင် မြို့နယ်စာပေဥယျာဉ်အသင်းနှင့် သတင်းစာဆရာအသင်းဥက္ကဋ္ဌ၊ စာရေးဆရာ၊ သတင်းစာဆရာ ဒေါက်တာ ဗိုလ်သံမဏိ (တောင်တွင်းကြီး)က ပြည်ထောင်စုနေ့တို့မမေ့ ခေါင်းစဉ်ဖြင့် ဟောပြောသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## တိုက်ကြီးခရိုင် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင်အဆင့် ၂၀၂၃ – ၂၀၂၄ ပညာသင် နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ တတိယပတ်အတွင်းက တိုက်ကြီးမြို့ရှိ ခရိုင်ပညာရေးမှူးရုံးရှေ့၌ ကျင်းပသည်။

အခမ်းအနားကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီးနောက် ခရိုင်ပညာရေးမှူးရုံးရှိ ပညာရတနာခန်းမ၌ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ခရိုင်အဆင့် ကာယ၊ ဉာဏ၊ ဘက်စုံဆု ရရှိကြသူ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**



# (၅) ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆုနှင့်ပတ်သက်သည့် ရှင်းလင်းဆွေးနွေးပွဲကျင်းပ

## ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလမှ မတ်လအတွင်း ဆုရွေးချယ်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်မည်ဖြစ်သည့်အတွက် စက်ရုံ၊ အလုပ်ရုံနှင့်အလုပ်ဌာနများမှ လုပ်ငန်းပိုင်ရှင်များ ယှဉ်ပြိုင်နိုင်မည်

**ရန်ကုန် ဇန်နဝါရီ ၂၆**

(၅)ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆုနှင့် ပတ်သက်သည့် ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ကနောင်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)နှင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA)တို့မှ ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ဖိတ်ကြားထားသည့် စက်ရုံ၊ အလုပ်ရုံများမှ ကိုယ်စားလှယ်များ၊ အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆု ရရှိပြီးသည့် စက်ရုံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ပါဝင်ယှဉ်ပြိုင်စေလို**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို အလေးအနက်ထားအကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များကို အသိအမှတ်ပြုသည့်အနေဖြင့် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်





(ASEAN–OSHNET) မှ ချီးမြှင့်သည့်ဆုများကို မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များသိရှိပြီး ပါဝင်ယှဉ်ပြိုင်စေလိုသည့်အတွက် ကျင်းပရခြင်းဖြစ်ကြောင်း။

**ဆုများအကြိမ်တိုင်း ရယူနိုင်ခဲ့**

အာဆီယံဒေသတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် လုပ်သားထုနှင့် ကုန်ထုတ်စွမ်းအားတိုးတက်စေရေး၊ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် လုပ်ငန်းခွင်ပတ်ဝန်းကျင် ဖန်တီးပေးရေးအတွက် ရည်ရွယ်ပြီး ၂၀၀၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် (ASEAN–OSHNET) တွင် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး ဆောင်ရွက်နေကြောင်း၊ ASEAN–OSHNET သည် အာဆီယံဒေသတွင်း အလုပ်သမားများအတွက် ကောင်းမွန်သော လုပ်ငန်းခွင် အခြေအနေများကို စိတ်ဝင်တစားဖြင့် တက်ကြွစွာ ဆောင်ရွက်ပေးနေသော လုပ်ငန်းရှင်များကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၁၆ ခုနှစ်မှစ၍ နှစ်နှစ်လျှင်တစ်ကြိမ် ချီးမြှင့်လျက်ရှိရာ အဆိုပါဆုများကို မြန်မာနိုင်ငံအနေဖြင့် ကျင်းပသည့်အကြိမ်တိုင်းတွင် ယှဉ်ပြိုင်ရယူနိုင်ခဲ့ပြီး ဒေသတွင်းအဆင့် ယှဉ်ပြိုင်နိုင်စွမ်းပုံရိပ်ကို ထိန်းသိမ်းထားနိုင်ခဲ့ခြင်းကြောင့် ဆုရရှိသူများအတွက်သာမက နိုင်ငံတော်အတွက်ပါ ဂုဏ်ယူဝမ်းမြောက်စရာဖြစ်ခဲ့ရကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

**သတင်းအချက်အလက်များရှင်းလင်းပြသ**

ထို့နောက် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဦးစီးဌာန၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားပြီး ဆုဝင်ရောက်ယှဉ်ပြိုင်လိုသူများအတွက် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို သိရှိနားလည်စေရန် Video Clip ဖြင့် ရှင်းလင်းပြသသည်။ယင်းနောက် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ဆုရွေးချယ်ရေးနှင့် ပတ်သက်သည့် စံနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

**ဝင်ရောက်ယှဉ်ပြိုင်နိုင်**

၂၀၂၄ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် (၅) ကြိမ်မြောက် ဆုရွေးချယ်ချီးမြှင့်ပွဲတွင် ယခင်နှစ်များကဲ့သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များကို ဆုများ ရရှိစေရေး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလမှ မတ်လအတွင်း ဆုရွေးချယ်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်မည်ဖြစ်သည့်အတွက် စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများမှ လုပ်ငန်းပိုင်ရှင်များအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ် ထူးခြားစွာဆောင်ရွက်ထားသော ကုန်ထုတ်သည့် စက်ရုံ၊ အလုပ်ရုံနှင့် အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများမှ လုပ်ငန်းရှင်များအတွက် ASEAN–OSHNET Excellence Award ကိုလည်းကောင်း၊ လုပ်သားအင်အား ၅၀ မှ ၃၀၀ အထိရှိ အသေးစားနှင့် အလတ်စားစက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများ၊ လုပ်သားအင်အား ၃၀၀ မှ ၆၀၀ အထိရှိ လုပ်အားအခြေပြု ထုတ်လုပ်မှုလုပ်ငန်းသို့မဟုတ် လက်ခစားလုပ်ကိုင်သည့် စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများမှ လုပ်ငန်းပိုင်ရှင်များအတွက် ASEAN–OSHNET Best Practices Award ကိုလည်းကောင်း ပေးအပ်ချီးမြှင့်မည်ဖြစ်သည့်အတွက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။**သတင်းစဉ်**

# (၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံ ဒုတိယနေ့ သုတေသနစာတမ်းဖတ်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ပညာရေးဝန်ကြီးဌာန (၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံကို ပညာရေးဝန်ကြီးဌာနက အမျိုးသားအဆင့်အဖြစ် Naypyitaw State Academy ၌ ဇန်နဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိရာ ယနေ့ နံနက်ပိုင်းမှစတင်၍ သက်ဆိုင်ရာဘာသာရပ်အလိုက် သတ်မှတ်ထားသည့်အခန်းများ၌ သုတေသန စာတမ်းရှင်များက ဝိဇ္ဇာနှင့် သိပ္ပံ သုတေသနစာတမ်းများကို ဖတ်ကြားကြပြီး တက္ကသိုလ်က သုတေသန ပိုစတာများနှင့် ပြကွက်များကို ခင်းကျင်းပြသလျက်ရှိသည်။

**ကြည့်ရှုအားပေး**

အဆိုပါ သုတေသနစာတမ်းဖတ်ကြားနေမှုများနှင့်တက္ကသိုလ် သုတေသနပြကွက်များ ခင်းကျင်းပြသထားမှုကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ တက္ကသိုလ်ဆရာ ဆရာမများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

**ရှင်းလင်းပြသ**

ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းနှင့် တာဝန်ရှိသူများသည် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံရှိ တက္ကသိုလ် သုတေသနပြကွက်များနှင့် သုတေသနပိုစတာများကို လာရောက်လေ့လာကြည့်ရှုရာ သက်ဆိုင်ရာ ပြန်ခန်းတာဝန်ရှိသူများက တက္ကသိုလ်ကဏ္ဍအလိုက် ရှင်းလင်းပြသကြသည်။

အလားတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ မြန်မာနိုင်ငံ၏ ပညာရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် လာရောက်ကြသည့် (ရုရှားသိပ္ပံအကယ်ဒမီ အဖွဲ့အစည်း၏ Baykov Metallurgy and Materials Institute ) နှင့် Kurgan State University ၏ သိပ္ပံနှင့် နည်းပညာအကြံပေးပုဂ္ဂိုလ်ဒုတိယပါမောက္ခချုပ် Dr. Alexander Ssergeevich Anokhin နှင့် Kurgan State University ၏ (သိပ္ပံနှင့် နည်းပညာရေးရာ) ဒုတိယပါမောက္ခချုပ် Dr. Artyom Vladimirovich Sharov တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံ ကျင်းပနေမှုများနှင့် တက္ကသိုလ်အသီးသီးမှ ပြသထားသည့် သုတေသနပိုစတာ၊ သုတေသနပြကွက်များကို စိတ်ပါဝင်စားစွာလာရောက်လေ့လာကြည့်ရှုကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ပြီး ဧည့်သည်တော်များကို တက္ကသိုလ်သုတေသနပြခန်း တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ရှင်းလင်းပြသကြသည်။

**စာတမ်းများ ဖတ်ကြား**

ယနေ့ ကျင်းပလျက်ရှိသည့် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံတွင် ပညာရေးဝန်ကြီးဌာနရှိ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များနှင့် အခြားဝန်ကြီးဌာန ခြောက်ခုမှ ပညာရေးဝန်ကြီးဌာနတွင် ပါရဂူကျမ်းလာရောက်ပြုစုနေသူ သုတေသီများက နံနက်ပိုင်းတွင် မြန်မာစာသုတေသနစာတမ်း ရှစ်စောင်၊ ဓာတုဗေဒသုတေသန စာတမ်း ရှစ်စောင်၊ ရူပဗေဒသုတေသန စာတမ်းရှစ်စောင်၊ သတ္တဗေဒ သုတေသနစာတမ်း ရှစ်စောင်၊ ရုက္ခဗေဒသုတေသန စာတမ်း ရှစ်စောင်၊ ပညာရေးစိတ်ပညာ သုတေသနစာတမ်း ရှစ်စောင်၊ သင်ရိုးညွှန်းတမ်းနှင့်သင်ပြနည်း ရှစ်စောင်၊ ဥပဒေပညာသုတေသန စာတမ်း ရှစ်စောင်၊ ဝါဏိဇ္ဇဗေဒ သုတေသနစာတမ်း ရှစ်စောင်၊ ပထဝီဝင်သုတေသန စာတမ်း ရှစ်စောင်တို့ကို စာတမ်းရှင်က ဖတ်ကြားကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တက္ကသိုလ်သုတေသနပြကွက်များ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးစဉ်။

**စာတမ်း ၁၆၃ စောင် ဖတ်ကြား**

မွန်းလွဲပိုင်းတွင် မြန်မာစာ သုတေသနစာတမ်း သုံးစောင်၊ အင်္ဂလိပ်စာသုတေသန စာတမ်း ငါးစောင်၊ ဓာတုဗေဒသုတေသန စာတမ်းကိုးစောင်၊ ရူပဗေဒသုတေသနစာတမ်း ကိုးစောင်၊ သတ္တဗေဒ သုတေသနစာတမ်း ရှစ်စောင်၊ ရုက္ခဗေဒသုတေသန စာတမ်း ရှစ်စောင်၊ ပညာရေးစိတ်ပညာ သုတေသနစာတမ်း ရှစ်စောင်၊ ပညာရေးသဘောတရားနှင့် ပညာရေး စီမံခန့်ခွဲမှုသုတေသနစာတမ်း ကိုးစောင်၊ ဥပဒေပညာသုတေသန စာတမ်း လေးစောင်၊ စိတ်ပညာ သုတေသနစာတမ်း လေးစောင်၊ စီမံခန့်ခွဲမှုသုတေသန စာတမ်း ခြောက်စောင်၊ အသုံးချဘောဂ သုတေသနစာတမ်း နှစ်စောင်၊ ပထဝီဝင်သုတေသန စာတမ်း နှစ်စောင်၊ သမိုင်းသုတေသန စာတမ်း ခြောက်စောင်တို့ကို စာတမ်းရှင်အသီးသီးက ဖတ်ကြားခဲ့ကြပြီး ဝိဇ္ဇာနှင့်သိပ္ပံသုတေသန စာတမ်း စုစုပေါင်း ၁၆၃ စောင် ဖတ်ကြားဆွေးနွေးခဲ့ကြရာ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ် ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ စာတမ်းရှင်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ထို့ပြင် တက္ကသိုလ်ပါမောက္ခချုပ်များနှင့် ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများသည် နေပြည်တော် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ – ၂ တွင် ကျင်းပသည့် မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ (၂၅) နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ သွားရောက်၍ ခင်းကျင်းပြသထားသည့် ပြခန်းများ၊ ဟောပြောပွဲများသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အိန္ဒိယနှင့် ပြင်သစ်နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးမြှင့်တင်ရန် သဘောတူ

**နယူးဒေလီ ဇန်နဝါရီ ၂၆**

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရန်ဒြာမိုဒီနှင့် ပြင်သစ်နိုင်ငံသမ္မတ အီမန်နျူရယ် မက်ခရွန်တို့သည် ဇန်နဝါရီ ၂၅ ရက်က ကျင်းပခဲ့သည့် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးတွင် နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ရန် သဘောတူညီခဲ့ကြသည်။

ဝန်ကြီးချုပ် မိုဒီသည် အိန္ဒိယနိုင်ငံ၏ သမိုင်းဝင်မြို့တော်ဂျိုင်ပါရ်တွင် သမ္မတမက်ခရွန်ကို လက်ခံတွေ့ဆုံခဲ့ပြီး ကာကွယ်ရေးစနစ်များ ပူးပေါင်းဆောင်ရွက်ရေး လမ်းပြမြေပုံကို သဘောတူခဲ့ကြသည့်အပြင် အင်ဒို-ပစိဖိတ်ဒေသတွင်း လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကိုလည်း ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ၎င်းတို့နှစ်ဦးသည် ယီမင်၏ ဟူသီသူပုန်များက ကုန်သွယ်ရေးသင်္ဘောများကို တိုက်ခိုက်ပြီး ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်များကို နှောင့်ယှက်နေမှုနှင့်ပတ်သက်သည့် ပင်လယ်နီလုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

ပြင်သစ်နိုင်ငံသည် အိန္ဒိယနိုင်ငံ၏ အနီးကပ်မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံဖြစ်လာပြီး နယူးဒေလီက ၎င်းတို့၏ လေယာဉ်တင်သင်္ဘောအတွက် ရာဖယ်လ်တိုက်လေယာဉ် ၂၆ စင်း ဝယ်ယူရန် ကြိုးပမ်းလျက်ရှိကာ ပြင်သစ်နိုင်ငံကလည်း အိန္ဒိယနိုင်ငံသို့ ရေငုပ်သင်္ဘောများ ထပ်မံရောင်းချရန် ဆန္ဒရှိနေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ပြင်သစ်နိုင်ငံ သမ္မတ အီမန်နျူရယ်မက်ခရွန်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရန်ဒြာမိုဒီ။



# ဂျပန်နိုင်ငံ၌ ပြည်ပအလုပ်သမားဦးရေ နှစ်သန်းကျော်အထိရှိလာ

**တိုကျို ဇန်နဝါရီ ၂၆**

ဂျပန်နိုင်ငံ၌ ၂၀၂၃ ခုနှစ် အောက်တိုဘာလအထိ ပြည်ပအလုပ်သမားဦးရေ နှစ်သန်းကျော်အထိ ရောက်ရှိလာခဲ့ကြောင်း ဇန်နဝါရီ ၂၆ ရက်က အစိုးရ၏ ထုတ်ပြန်ချက်များအရ သိရပြီး သက်ကြီးရွယ်အို များပြားလာမှုကြောင့် ပြည်တွင်းအလုပ်သမားရှားပါးမှုကို ရင်ဆိုင်နေရကြောင်း ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလကုန်အထိ ပြည်ပအလုပ်သမားဦးရေ ၂၀၄၈၆၇၅ ဦး အထိ စံချိန်တင်ရောက်ရှိခဲ့ပြီး ယခင်နှစ်ထက် ၂၂၅၉၅၀ (၁၂ ဒသမ ၄ ရာခိုင်နှုန်း) အထိ တိုးလာကြောင်း အလုပ်သမားဝန်ကြီးဌာနက ဇန်နဝါရီ ၂၆ ရက်တွင် ထုတ်ပြန်လိုက်သည်။ နိုင်ငံအလိုက် လုပ်သားဦးရေအားဖြင့် ဗီယက်နမ်နိုင်ငံသား ၅၁၈၃၆၄ ဦး၊ တရုတ်နိုင်ငံသား ၃၉၇၉၁၈ ဦးနှင့် ဖိလစ်ပိုင်နိုင်ငံသား ၂၂၆၈၄၆ ဦးရှိပြီး အင်ဒိုနီးရှား အလုပ်သမားဦးရေမှာ ၅၆ ရာခိုင်နှုန်းရှိသဖြင့် တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုနှုန်းအမြင့်ဆုံးဖြစ်ကာ မြန်မာနိုင်ငံမှ ၄၉ ဒသမ ၉ ရာခိုင်နှုန်းနှင့် နီပေါနိုင်ငံမှ ၂၃ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။

ဂျပန်နိုင်ငံတွင် အလုပ်လုပ်နိုင်သော အသက်အရွယ် လူဦးရေနည်းပါးနေချိန်တွင် လုပ်ငန်းများလုပ်ကိုင်ရန်အတွက် ပြည်ပအလုပ်သမားများကို မှီခိုအားထားနေရသောကြောင့် လုပ်ငန်းခွင်များတွင် နိုင်ငံခြားသား လုပ်သားဦးရေ ၆ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ နောက်ဆုံးထုတ်ပြန်သည့်စာရင်းဇယားများအရ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် နိုင်ငံခြားလုပ်သားဦးရေအများဆုံးဖြစ်ပြီး ယင်း၏နောက်တွင် ဝန်ဆောင်မှုနှင့်လက်လီလုပ်ငန်းတို့လည်း ပါဝင်သည်။ တိုကျိုမြို့တွင် နိုင်ငံခြားသား အလုပ်သမားဦးရေအများဆုံး ၅၄၂၉၈၂ ဦးရှိပြီး ဂျပန်အလယ်ပိုင်းရှိ အအိချိစီရင်စုတွင် ၂၁၀၁၅၉ ဦးနှင့် နိုင်ငံအနောက်ဘက်ရှိ အိုဆာကာစီရင်စုတွင် လူ ၁၄၆၃၈၄ ဦး ရှိသည်။ **ဆင်ဟွာ**

**အင်န်အိတ်ချ်ကေ**

# ယခုနှစ်တွင် ဗီယက်နမ် လေကြောင်းပို့ဆောင်ရေးကဏ္ဍမှ ခရီးသည် ၈၄ သန်းကျော်ကို ဝန်ဆောင်မှုပေးမည်

**ဟနွိုင်း ဇန်နဝါရီ ၂၆**

ဗီယက်နမ်၏လေကြောင်းပို့ဆောင်ရေးကဏ္ဍက ယခုနှစ်တွင် ခရီးသည် ၈၄ ဒသမ ၂ သန်းခန့်ကို ဝန်ဆောင်မှုပေးနိုင်ရန် မျှော်မှန်းထားပြီး ၂၀၂၃ ခုနှစ်ထက် ၁၅ ရာခိုင်နှုန်းနှင့် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားခဲ့သည့် ၂၀၁၉ ခုနှစ်ထက် ၆ ရာခိုင်နှုန်း တိုးလာမည်ဟု ဗီယက်နမ်မြို့ပြ လေကြောင်းအာဏာပိုင်အဖွဲ့က ဇန်နဝါရီ ၂၆ ရက်တွင် ပြောကြားသည်။

**ပြန်လည်ကောင်းမွန်လာမည်**

အာရှ-ပစိဖိတ်ဒေသ၏ အပြုသဘောဆောင်သောလမ်းကြောင်းနှင့် နီးကပ်စွာဆက်စပ်နေသည့် ဈေးကွက်သည် ၂၀၂၄ ခုနှစ်နှောင်းပိုင်းတွင် အပြည့်အဝပြန်လည်ကောင်းမွန်လာမည်ဟု ခန့်မှန်းထားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**နိုင်ငံတကာခရီးသည် တိုးလာ**

နိုင်ငံတကာခရီးသည် ဦးရေမှာ ၄၂ ဒသမ ၇ သန်းရှိပြီး ၂၀၂၃ နှင့် ၂၀၁၉ ခုနှစ်တို့နှင့် နှိုင်းယှဉ်ပါက ၁၅ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၆ ဒသမ ၄ ရာခိုင်နှုန်း အသီးသီး တိုးမြှင့်လာသည်ဟု ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြသည်။ အဆိုပါကဏ္ဍသည် ၂၀၂၄ ခုနှစ်တွင် ကုန်စည်တန်ချိန် ၁ ဒသမ ၁၆ သန်းကို ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် ၈ ဒသမ ၅ ရာခိုင်နှုန်း တိုးလာပြီး ၂၀၁၉ ခုနှစ်က ကိန်းဂဏန်းများ၏ ၉၂ ဒသမ ၂ ရာခိုင်နှုန်းနှင့် ညီမျှသည်ဟု အာဏာပိုင်များက ဆိုသည်။

ဗီယက်နမ်နိုင်ငံ၏ လေကြောင်းပို့ဆောင်ရေးကဏ္ဍသည် ၂၀၂၃ ခုနှစ်တွင် ခရီးသည် ၇၄ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ် နှင့် နှိုင်းယှဉ်ပါက ၃၄ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**




# ကမ္ဘောဒီးယား၌ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခံရသူတစ်ဦး တွေ့ရှိ

**ဖနောင်ပင် ဇန်နဝါရီ ၂၆**

ကမ္ဘောဒီးယားနိုင်ငံအရှေ့တောင်ပိုင်း ပရေဗန်းဂျ်ပြည်နယ်မှ အသက်သုံးနှစ်အရွယ်ကလေးငယ်တစ်ဦးတွင် ကြက်ငှက်တုပ်ကွေးရောဂါ H5N1 ကူးစက်ခံထားရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၆ ရက်တွင် ထုတ်ပြန်ထားသည်။

ကမ္ဘောဒီးယားနိုင်ငံ ပြည်သူ့ကျန်းမာရေးအဖွဲ့အစည်းနှင့် ကမ္ဘောဒီးယားဇီဝနည်းပညာဆိုင်ရာအဖွဲ့အစည်းတို့က အဆိုပါကလေးငယ်ကို ကြက်ငှက်တုပ်ကွေးရောဂါ (H5N1) ရောဂါပိုးတွေ့ရှိကြောင်း ဇန်နဝါရီ ၂၅ ရက်က အတည်ပြုခဲ့ပြီး အဆိုပါလူနာသည် လက်ရှိတွင် အထူးကြပ်မတ်ကုသဆောင်၌ ကုသမှုခံယူနေကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်သည်။ ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများပါဝင်သည့် အဖွဲ့တစ်ဖွဲ့သည် ရောဂါပိုးကူးစက်ခြင်း၏ အရင်းအမြစ်ကို စုံစမ်းစစ်ဆေးနေပြီး ရပ်ရွာအတွင်း ကူးစက်ပျံ့နှံ့မှုမှ ကာကွယ်ရန်အတွက် သံသယရှိသူ သို့မဟုတ် ထိတွေ့မိသူနှင့် ထိတွေ့ဖူးသူများကို စစ်ဆေးလျက်ရှိသည်။

စုံစမ်းမှုများအရ လွန်ခဲ့သည့် ၁၀ ရက်ခန့်က ရွာနှင့် ၎င်း၏အိမ်အနီးတစ်ဝိုက်တွင် ကြက်နှင့်ဘဲများ သေဆုံးခဲ့ကြောင်း ဝန်ကြီးဌာနက ပြောသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၀၃ ခုနှစ်မှ ယနေ့အထိ H5N1 တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၆၃ ဦးရှိပြီး သေဆုံးသူ ၄၁ ဦးရှိကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

# ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ထိုင်းနိုင်ငံပို့ကုန် ၄ ဒသမ ၇ ရာခိုင်နှုန်း တိုးလာ

**ဘန်ကောက် ဇန်နဝါရီ ၂၆**

ထိုင်းနိုင်ငံ၏ ပို့ကုန်ကဏ္ဍသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ငါးလမြောက်ဆက်တိုက်တိုးလာသော်လည်း စိုက်ပျိုးရေးစက်မှုလုပ်ငန်းနှင့် စက်မှုထုတ်ကုန်များ တင်ပို့ရောင်းချမှု နှစ်ခုစလုံးတွင် တိုးတက်မှုနှေးကွေးသွားကြောင်း ဇန်နဝါရီ ၂၆ ရက်တွင် ထုတ်ပြန်သည့် တရားဝင်အချက်အလက်များက ဖော်ပြသည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်သည့် ပို့ကုန်သည် ယခင်နှစ်အစောပိုင်းကထက် ၄ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး နိုဝင်ဘာလတွင် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၇၉ ဘီလီယံအထိ တိုးလာခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည်။

ဆန်နှင့်ရော်ဘာတင်ပို့မှုတွင် အဓိကတိုးတက်မှုရှိနေသော်လည်း ထိုင်းနိုင်ငံ၏ လယ်ယာထွက်ကုန်တင်ပို့မှုသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ၈ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းသွားကြောင်း အချက်အလက်များက ဖော်ပြသည်။

မော်တော်ယာဉ်နှင့် အီလက်ထရွန်နစ်ထုတ်ကုန်များ တိုးချဲ့တင်ပို့မှုကြောင့် ယခင်လတွင် ၃ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့မှုနှင့်အတူ စက်မှုထုတ်ကုန်များ တင်ပို့ရောင်းချမှုသည် ယခင်နှစ်ထက် ၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

ကိန်းဂဏန်းအချက်အလက်များအရ ထိုင်းနိုင်ငံ၏ သွင်းကုန်သည် ဒီဇင်ဘာလတွင် ယခင်နှစ်ထက် ၃ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းသွားပြီး ကုန်သွယ်မှုပိုငွေ ကန်ဒေါ်လာ ၉၇၂ ဒသမ ၈ သန်းရှိခဲ့ကြောင်း သိရသည်။ ၂၀၂၃ ခုနှစ် တစ်နှစ်လုံးအတွက် ထိုင်းနိုင်ငံ၏ ပို့ကုန်သည် အစောပိုင်းနှစ်ကထက် ၁ ဒသမ ၀ ရာခိုင်နှုန်းနှင့် သွင်းကုန် ၃ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၉ ဘီလီယံရှိကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်သည်။ **ဆင်ဟွာ**

# (၅၂)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံနောက်ဆုံးနေ့ ကျင်းပ




နေပြည်တော် ဇန်နဝါရီ ၂၆

**ကျန်းမာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော “(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ” (နောက်ဆုံးနေ့)ကို ယနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ် – ၅၊ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပသည်။**

နံနက်ပိုင်းတွင် သဘာပတိများအဖြစ် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ပါမောက္ခ ဒေါက်တာ ဖေသက်ခင်၊ ဆေးသုတေသနဦးစီးဌာန၊ လူပုဂ္ဂိုလ်များ၊ သုတေသနစမ်းသပ်မှုဆိုင်ရာ ကျင့်ဝတ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာ ခင်သက်ဝေတို့က ဆောင်ရွက်၍ ကျန်းမာရေးဆိုင်ရာသုတေသနများ ဆောင်ရွက်ရာတွင် သုတေသီတို့အတွက် အရေးကြီးသည့် အလေးထားကျင့်သုံးရမည့် သုတေသနကျင့်ဝတ်များကို မီးမောင်းထိုးပြသနိုင် ရေးအတွက် “(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ” ၏ အဓိကသုတေ သနဦးတည်ချက်ခေါင်းစဉ်(Theme) ဖြစ်သည့် “ခိုင်မာပြီး သုတေသနကျင့်ဝတ်နှင့် ပြည့်စုံသောသုတေသနကောင်းများကို တိုးမြှင့်ဆောင်ရွက်ကြပါစို့ Enhancing Research Integrity and Research Ethics” ဖြင့် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ကြသည်။

ယင်းနှီးနှောဖလှယ်ပွဲတွင် ဆေးတက္ကသိုလ်(၂)မှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဇော်ဇော်ဦးက “သုတေသန၏ ကောင်းကျိုးဆိုးကျိုးကို သုံးသပ်ခြင်းနှင့် ထိခိုက်လွယ်သောလူအုပ်စုများကို အကာအကွယ်ပေးခြင်း”၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါက်တာ မင်းဝန်က “သုတေသနတွင်ပါဝင်ရန် သဘောတူခွင့်ပြုချက်ပုံစံများ”၊ ဆေးတက္ကသိုလ်(၁)မှ ဒုတိယပါမောက္ခချုပ် ပါမောက္ခ ခင်မာမြင့်က “သုတေသနဆိုင်ရာခိုးယူခြင်း”၊ ဆေးသုတေသနဦးစီးဌာနမှ သုတေသနမှူး ဒေါက်တာကျော်လွင်ရှိုးက “သုတေသနအချက်အလက်ဆိုင်ရာကျင့်ဝတ်များ”နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ တိုးသီရိအောင်က “ပြည်သူ့ကျန်းမာရေးနှင့်ပတ်သက်သော သုတေသနများဆောင်ရွက်ရာတွင် ရင်ဆိုင်ကြုံတွေ့ရသည့် သုတေသနကျင့်ဝတ်ဆိုင်ရာအခက်အခဲများ”တို့ကို ဆွေးနွေးတင်ပြကြသည်။

ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲတွင် ဝါရင့်သုတေသီကျင့်ဝတ်ဆိုင်ရာ ပညာရှင်များက သုတေသနကျင့်ဝတ်ဆိုင်ရာ နည်းပညာများကို ဆွေးနွေးတင်ပြအတွေ့အကြုံဖလှယ်ခဲ့ကြသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲပြီးနောက် သုတေသနညီလာခံပိတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဇော်သန်းထွန်းက ဝမ်းမြောက်ဂုဏ်ပြုစကားပြောကြားသည်။

ညီလာခံနောက်ဆုံးနေ့၏ ညနေပိုင်းတွင် ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်သန်းထွန်းက အမှာစကားပြောကြားပြီး ဆုရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာလှလှဝင်းက ဆုရွေးချယ်ရေးဆိုင်ရာသုံးသပ်ချက်များနှင့် ဆုရရှိသည့်စာတမ်းများနှင့် ဆုရရှိသည့် ပိုစတာများကို ကြေညာရာ အကောင်းဆုံးအခြေခံ သုတေသနစာတမ်းပထမဆုကို ဆေးသုတေသနဦးစီးဌာနမှ ဒေါက်တာထင်လင်းနှင့်အဖွဲ့က “၂၀၂၂–၂၀၂၃ ခုနှစ်အတွင်း ရန်ကုန်ကလေးဆေးရုံကြီးသို့ ဝမ်းလျှောရောဂါကြောင့် တက်ရောက်ကုသမှုခံယူကြသော ကလေးများရှိ ရိုတာဗိုင်းရပ်စ်–အေ အမျိုးအစား၏ ဖြစ်ပွားမှုနှုန်း၊အဖြစ်များသောရာသီနှင့် ပိုးမျိုးခွဲများပျံ့နှံ့နေပုံတို့ကိုလေ့လာခြင်း၊ (ရန်ကုန်တွင် ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေးစတင်တိုက်ကျွေးခြင်း၏အကျိုးသက်ရောက်မှုကို ကာကွယ်ဆေးစတင်ပြီးစကာလတွင် ဆန်းစစ်လေ့လာခြင်း)” သုတေသနစာတမ်းက လည်းကောင်း၊ အကောင်းဆုံးအခြေခံသုတေသနစာတမ်းဒုတိယဆုကို ဆေးသုတေသနဦးစီးဌာနမှ ဒေါက်တာသက်သက်မာနှင့် အဖွဲ့က “ငန်းတော်ကျားအဆိပ်ဖြေဆေးနှင့် မြွေဟောက်အဆိပ်ဖြေဆေးမှ ငန်းတော်ကျား မြွေဆိပ်ကိုချေဖျက်နိုင်သည့် သတ္တိရှိမရှိကိုလေ့လာခြင်း” သုတေသနစာတမ်းကလည်းကောင်း ရရှိသည်။

အကောင်းဆုံးအသုံးချ သုတေသနစာတမ်းပထမဆုကို ဆေးသုတေသနဦးစီးဌာနမှ ဒေါက်တာခင်နှင်းပွင့်နှင့်အဖွဲ့က “မြန်မာဆေးယဉ်ပါး တီဘီလူနာများတွင် လင်နီဇိုးလစ်ဆေးပမာဏနှစ်မျိုး၏ ထိရောက်မှု၊ ဘေးကင်းမှုတို့ကို ခန္ဓာကိုယ်တွင်းဆေးဝါးကြမ္မာ (Pharmacokinetics)နှင့် ဆေးဝါး၏ ခန္ဓာကိုယ်အပေါ် သက်ရောက်မှု (Pharmacodynamics) နည်းလမ်းဖြင့် ရှာဖွေခြင်း” သုတေသနစာတမ်းက လည်းကောင်း၊ အကောင်းဆုံးအသုံးချသုတေသနစာတမ်း ဒုတိယဆုကို ဆေးသုတေသနဦးစီးဌာနမှ ဒေါက်တာ အောင်ကျော်ကျော်နှင့် အဖွဲ့က “၂၀၁၈ မှ ၂၀၂၃ခုနှစ် မန္တလေးမြို့တွင် ဖြစ်ပွားခဲ့သော သွေးလွန်တုပ်ကွေးဗိုင်းရပ်စ် ရောဂါပိုး၏ မျိုးဗီဇများပြောင်းလဲမှု၊ လူနာများ၏ ကိုယ်ခံစွမ်းအားအခြေအနေ၊ ရောဂါပြင်းထန်မှုအခြေအနေများကို လေ့လာခြင်း” သုတေသနစာတမ်းကလည်းကောင်း ရရှိသည်။

အကောင်းဆုံးကျန်းမာရေးစနစ် သုတေသနစာတမ်းပထမဆုကို လူထုအခြေပြု ကိုဗစ် – ၁၉ သုတေသနအဖွဲ့က “မြန်မာနိုင်ငံ၊ ရန်ကုန်နှင့်မန္တလေးတိုင်းဒေသကြီးများတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားမှုနှင့် ယင်းနှင့်ဆက်စပ်သည့်အကြောင်းအရာများကို ပြည်သူလူထုအခြေပြုလေ့လာခြင်း” သုတေသနစာတမ်းကလည်းကောင်း၊ အကောင်းဆုံးကျန်းမာရေးစနစ် သုတေသနစာတမ်းဒုတိယဆုကို သူနာပြုတက္ကသိုလ်(မန္တလေး)မှ ဒေါ်အိအိမွန်နှင့်အဖွဲ့က “မန္တလေးပြည်သူ့ဆေးရုံကြီးရှိ ဆေးရုံ၏ ကျင့်ဝတ်နှင့် သက်ဆိုင်သောအခြေအနေနှင့် သူနာပြုများ၏ ကိုယ်ကျင့်တရားစောင့်ထိန်းနိုင်မှုအား လေ့လာဆန်းစစ်ခြင်း” သုတေသနစာတမ်းက လည်းကောင်း၊ အကောင်းဆုံးကျန်းမာရေးစနစ် သုတေသနစာတမ်း တတိယဆုကို ဆေးတက္ကသိုလ်(၁)မှ ဒေါက်တာ နန်းယုဇနဇော်နှင့်အဖွဲ့က “ဗဟိုအမျိုးသမီးဆေးရုံ၊ ရန်ကုန်သို့ လာရောက်ပြသသော ကလေးရရန်ခက်ခဲသော အမျိုးသမီးများတွင် မျိုးပွားခြင်းနှင့် သက်ဆိုင်သော ဗဟုသုတ၊ ခံယူချက်သဘောထားနှင့် ထိုရောဂါအတွက်ကုသမှုရှာဖွေပုံ အမူအကျင့်များကို လေ့လာခြင်း” သုတေသနစာတမ်းကလည်းကောင်း ရရှိသည်။

အကောင်းဆုံးပိုစတာပထမဆုကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဇော်မြင့်နှင့်အဖွဲ့က “ဆေးတိုးတီဘီကုထုံးမအောင်မြင်သည့် လူနာများတွင်ကောင်းမွန်သောကုသမှုဆိုင်ရာ တုံ့ပြန်မှုများ တွေ့ရှိလာခြင်း – ပုံမှန်ရောဂါရှာဖွေစမ်းသပ်မှုများဖြင့် မတွေ့ရှိနိုင်သည့် Rifampicin ဆေးယဉ်ပါးမှုဆိုင်ရာ ဗီဇပြောင်းလဲမှုများကို ဖော်ထုတ်ခြင်း၏အရေးပါပုံ” ပိုစတာကလည်းကောင်း၊ အကောင်းဆုံးပိုစတာ ဒုတိယဆုကို ဆေးသုတေသနဦးစီးဌာနမှ ဒေါက်တာ မောင်မောင်မြနှင့်အဖွဲ့က “တိုင်းရင်းဆေးဘက်ဝင် အသီးမျိုးဖြစ်သော လိမ္မော်ခွံအဆီဖြင့် ခြင်သားလောင်းများသေစေနိုင်စွမ်းနှင့် ခြင်မကိုက်အောင်တားဆီးနိုင်စွမ်းကို သွေးလွန်တုပ်ကွေးရောဂါပိုး သယ်ဆောင်သော အေးဒီးခြင်သားလောင်းများနှင့် ခြင်များပေါ် စမ်းသပ်ခြင်း” ပိုစတာကလည်းကောင်း၊ အကောင်းဆုံးပိုစတာတတိယဆုကို ဆေးသုတေသနဦးစီးဌာနမှ ဒေါက်တာရီရီကျော်နှင့်အဖွဲ့က “မြန်မာနိုင်ငံတွင် Next Generation Sequencing နည်းလမ်းကို အသုံးပြု၍ အသည်းရောင်အသားဝါဘီပိုးအတွက် မျိုးဗီဇတစ်ခုလုံးစိစစ်ခြင်း နည်းပညာသစ်ဆောင်ရွက်ခြင်း” ပိုစတာကလည်းကောင်း ရရှိသည်။ ဆက်လက်၍ ဆုရွေးချယ်ရေးအဖွဲ့ဝင်များသည် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း ကျောင်းသား ကျောင်းသူများနှင့် လုပ်ငန်းရှင်များတွေ့ဆုံ

**တောင်ကြီး ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ် စာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး)မှ ဒုတိယနှစ် သင်တန်းသား သင်တန်းသူများသည် တောင်ကြီးမြို့နယ်အတွင်းရှိ ကုမ္ပဏီများ၊ ဘဏ်များ၊ လုပ်ငန်းရှင်များ၊ ရှမ်းပြည်နယ် (တောင်ပိုင်း/အရှေ့ပိုင်း) သမဝါယမအသင်းစုချုပ်နှင့် တောင်ကြီးမြို့နယ် သမဝါယမအသင်းစု၊ အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်တို့မှ တာဝန်ရှိသူများနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၃ ရက်က တောင်ကြီးမြို့ စာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်း (တောင်ကြီး) မြတ်ဘုန်းရောင်ခန်းမ၌ ပြုလုပ်သည်။



တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်က အမှာစကားပြောကြားပြီး ကုမ္ပဏီများ၊ ဘဏ်များ၊ လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းရှင်များ၏ ပြောကြားချက်များအပေါ် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ပြန်လည်ရှင်းလင်းဖြေကြားပြီး အလုပ်လျှောက်လွှာများကို လက်ခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မလှိုင်မြို့နယ်၌ ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

**မလှိုင် ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု ဖွင့်လှစ်သည့် ထန်းပင်ကန်မှ ရိုး–အမြန်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က အဆိုပါလမ်းပေါ်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းနှင်းအိလှိုင်က လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါလမ်းကို တိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၅၆ ဒသမ ၈၇ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်း၏အရှည်မှာ (၀/၄) မိုင်ရှိကာ တင်ဒါအောင်မြင်ခဲ့သည့် MTK Global Engineering ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ယခုအခါ လမ်းဖွင့်လှစ်ပေးနိုင်သဖြင့် ကျေးရွာအုပ်စု လေးအုပ်စု ကျေးရွာ ၁၆ ရွာရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝမှာလည်း ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သည်။

**မြထွန်း(မလှိုင်)**

## လယ်ယာမြေဥပဒေအရ စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး


**ပျဉ်းမနား ဇန်နဝါရီ ၂၆**

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ကြီးမှူး၍ စာရင်းအင်းအရည်အသွေး ပြည့်ဝမှန်ကန်ရေးနှင့် လယ်ယာမြေဥပဒေအရ စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီစတုတ္ထပတ်အတွင်း ပျဉ်းမနားခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ရုံးဝင်းအတွင်းရှိ သီးနှံအထွက်နှုန်း အကဲဖြတ်စင်တာ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွဋ်က မိမိတို့ဌာနအနေဖြင့် မြေသယံဇာတဖော်ထုတ်ရေး၊ မြေယာစီမံခန့်ခွဲရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာစာရင်းများ ပြုစုထုတ်ပြန်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲတွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် မြေအသုံးချမှုဆိုင်ရာစာရင်းများ ကောက်ယူပြုစုရာတွင် မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေပါ ပြဋ္ဌာန်းချက်များ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များအပေါ် အခြေခံဆောင်ရွက်နိုင်ရန်နှင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များ၊ တည်ဆဲဥပဒေများအပါအဝင် ပြဋ္ဌာန်းချက်များနှင့်အညီ စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ်၊ လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးခဲ့ပြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦးနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ အရာထမ်း၊ အမှုထမ်း ၁၄၅ ဦး တက်ရောက်ကြောင်း သိရသည်။ **မျိုးသီဟ (ပြန်/ဆက်)**

## ဝေါမြို့နယ်ရှိ ဒေသခံပြည်သူ ၈၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးပြီး တံတားတစ်စင်းကိုပါ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ



နေပြည်တော် ဇန်နဝါရီ ၂၆


ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ရှိ အညာစုကျေးရွာနှင့် အထက်ဝိုင်းပတ်ကျေးရွာတို့မှ ဒေသခံပြည်သူ ၈၀ ကျော်ကို ဇန်နဝါရီ ၂၄ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ပြီး အညာစုကျေးရွာနှင့် အထက်ဝိုင်းပတ်ကျေးရွာကို ဆက်သွယ်ထားသည့် သစ်သားတံတားကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ ဇန်နဝါရီ ၂၄ ရက်က တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ အကြမ်းဖက်သောင်းကျန်းသူများက ဝေါမြို့နယ် ကျေးရွာများအတွင်း ဝင်ရောက်၍ ဒေသခံပြည်သူများကို လူသစ်စုဆောင်းခြင်းနှင့် ငွေကြေးကောက်ခံမှုများ ပြုလုပ်နေကြောင်း သတင်းရရှိသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာသို့ သွားရောက်၍ နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများက ကျေးရွာချင်းဆက် တံတားတစ်ခုကို မီးရှို့ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် သတင်းတု၊ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား အထင်အမြင်လွဲမှားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန် လူမှုကွန်ရက် စာမျက်နှာများတွင် မဟုတ်မမှန်ရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## လှိုင်ကော်မြို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ဗုံးများကြဲချမှုကြောင့် နှစ်ထပ်ဈေးတစ်ဝိုက် ဆိုင်ခန်းများနှင့် လူနေအိမ်များ မီးလောင်ကျွမ်းခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ



နေပြည်တော် ဇန်နဝါရီ ၂၆

ကယားပြည်နယ် လှိုင်ကော်မြို့ ဈေးပိုင်းရပ်ကွက်ရှိနှစ်ထပ်ဈေးကို ယနေ့ နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းများဖြင့် မီးလောင်ဗုံးများ ကြဲချမှုကြောင့် မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လှိုင်ကော်မြို့မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ယနေ့ နံနက်ပိုင်းတွင် လှိုင်ကော်မြို့ ဈေးပိုင်းရပ်ကွက်ရှိ နှစ်ထပ်ဈေး မီးလောင်မှုဖြစ်ပွားခဲ့ခြင်းမရှိပါကြောင်း၊ ၎င်းနှစ်ထပ်ဈေးသည် ဇန်နဝါရီ ၂၄ ရက်တွင် အကြမ်းဖက် သောင်းကျန်းသူများမှ လက်လုပ်လက်နက်ကြီး၊ လက်လုပ်စိန်ပြောင်းများဖြင့် ရမ်းသန်းပစ်ခတ်မှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ဖုံးကွယ်ပြီး ပြည်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေမည့်သတင်းတု၊သတင်းမှားများကို လူမှုကွန်ရက်များတွင် လုပ်ကြံရေးသားဖြန့်ဝေနေပြီး နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ပတ်ဝန်းကျင်တွင် တရားမဝင် ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသားများ ထပ်မံဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၆

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောပြည်ပနိုင်ငံသားများ အနေဖြင့် နယ်စပ်ဒေသများမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ ပတ်ဝန်းကျင်တွင် တရားမဝင် တရုတ်နိုင်ငံသားများ ရောက်ရှိနေကြောင်း သတင်းပေးပို့မှုများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဇန်နဝါရီ ၂၃ ရက်မှ စ၍ ရှောင်တခင်စစ်ဆေးရှာဖွေဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ နမ့်စန်မြို့ပတ်ဝန်းကျင်ရှိ နေရာသုံးနေရာမှ တရားမဝင် ဝင်ရောက်နေထိုင်နေသည့် တရုတ်နိုင်ငံသားကျား ၁၀၀၂ ဦး၊ မ ၃၆ ဦး စုစုပေါင်း ၁၀၃၈ ဦးကို ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်လျက်ရှိပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ ပတ်ဝန်းကျင်မှ တရားမဝင် ဝင်ရောက်နေထိုင်သူ တရုတ်နိုင်ငံသားများကို



နမ့်စန်မြို့ပတ်ဝန်းကျင်တစ်ဝိုက်၌ တရားမဝင် တရုတ်နိုင်ငံသားများ ဖမ်းဆီးရမိသည့်နေရာပြပုံ။

ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ကျေနပ်မှုမရှိသူများက အကြမ်းဖက်အားပေး တရားမဝင်မီဒီယာများသို့ သတင်းပေးကာ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် ပြည်သူများက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ပြီး ဝါဒဖြန့်သတင်းမှားများကို လူမှုကွန်ရက်တွင် ဖြန့်ဝေနေကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းအွန်လိုင်းလိမ်လည်မှုများနှင့် အခြားတရားမဝင်လုပ်ငန်း လုပ်ဆောင်သူများ၊ တရားမဝင် ဝင်ရောက်နေထိုင်မှုများ မရှိစေရေးအတွက် သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးအဖွဲ့များက စိစစ်ဖော်ထုတ်အရေးယူဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်းနှင့် အိမ်နီးချင်းနိုင်ငံများနှင့်လည်း စဉ်ဆက်မပြတ်ဆက်သွယ်၍ တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း ပြည်သူများ သိရှိနိုင်ရေး သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

◆ *ကျောဖုံးမှ*

သုံးကျော့စနစ်ဖြင့် ပထမဆုံးကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ လာမည့်ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ခြောက်ကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး ကျင်းပပြီးစီးခဲ့သည့် ငါးကြိမ်တွင် အသင်းနှစ်သင်းကသာ ဗိုလ်စွဲထားသည်။ ၂၀၁၆-၂၀၁၇ ရာသီတွင် မြဝတီအသင်း၊ ၂၀၁၇-၂၀၁၈ ရာသီတွင် မြဝတီအသင်း၊ ၂၀၁၈-၂၀၁၉ ရာသီတွင် အား/ကာသိပ္ပံအသင်း၊ ၂၀၂၂ ရာသီတွင် အား/ကာသိပ္ပံအသင်း၊ ၂၀၂၃ ရာသီတွင် မြဝတီအသင်းတို့က ဗိုလ်စွဲကာ မြဝတီအသင်းက သုံးကြိမ်၊ အား/ကာသိပ္ပံအသင်းက နှစ်ကြိမ် ချန်ပီယံဆု ရရှိထားသည်။

မြန်မာနေရှင်နယ်လိဂ်သည် လာမည့်ရာသီတွင် လိဂ်ပြိုင်ပွဲလေးခုကျင်းပရန် စီစဉ်ထားပြီး MNL ပြိုင်ပွဲအပြင် MNL-2 ပြိုင်ပွဲ၊ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲနှင့် MNL ယူ-၂၀ ပြိုင်ပွဲကိုမူ ၂၀၂၄ ခုနှစ်အတွင်း အပြီး ကျင်းပမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MWL

## ငါးပေါင်းသင်္ဘောပေါ်သို့ ပို့ဆောင်၍ အဓမ္မခိုင်းစေပြီး လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇန်နဝါရီ ၂၆

ငါးပေါင်းသင်္ဘောပေါ်သို့ ပို့ဆောင်၍ အဓမ္မခိုင်းစေပြီး လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ နိုင်နိုင်အောင် (ခ) ကရင် (ခ) ကတုံး က တစ်မြို့နယ်တည်းနေ ဦး----၊ ၃၆/၂၀၂၃ နှစ်အား ဖျာပုံမြို့တွင် သံပန်း/သံတံခါး အလုပ်လုပ်ရမည်၊ တစ်ရက်လျှင် စရိတ်ငြိမ်း ၁၈၀၀၀ ကျပ်ရမည်ဟု စည်းရုံးပြောဆို၍ ဖျာပုံမြို့ရှိ ငါးပေါင်းသင်္ဘောပေါ်သို့ပို့ဆောင်၍ အဓမ္မခိုင်းစေပြီး လုပ်အားခငွေများ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ရွှေပြည်သာမြို့မရဲစခန်း (ပ) ၄၉၁/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ - ၃၆ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မင်္ဂလာဒုံခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇန်နဝါရီ ၂၅ ရက်တွင် တရားခံ နိုင်နိုင်အောင် (ခ) ကရင် (ခ) ကတုံး ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၆ အရ အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၁-၂၀၂၄

ကျပ်/လီတာ

| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၇၉ | ၂၆၆၄ |
| 95 Ron | ၂၇၁၈ | ၂၈၀၅ |
| HSD (500 ppm) | ၂၃၃၄ | ၂၄၁၀ |
| HSD (50 ppm) | ၂၃၉၈ | ၂၄၇၅ |
| HSD (10 ppm) | ၂၄၁၃ | ၂၄၉၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ပဋိပက္ခနှင့် ဖွံ့ဖြိုးရေး ဆက်စပ်မှုမှသည် ထာဝရငြိမ်းချမ်းရေးဆီ ....

............. **မိုးမြင့်** .............

**❒ ငြိမ်းချမ်းသောဒေသများတွင် အလုပ်အကိုင်ကောင်းကောင်း လုပ်နိုင်ကြပြီး တစ်နေ့၊ တစ်လ၊ တစ်နှစ်စာ စားရေး၊ ဝတ်ရေး၊ နေရေး မပူပန်ရခြင်းက ပညာကောင်းကောင်းသင်ရဖို့ အခွင့်အလမ်းတစ်ခုဆီ ပို့ပေးပါသည်။ ကျောင်းကောင်းကောင်းတွေ ရှိလာဖို့ရာလည်း လွယ်ကူသွားပါပြီ။ လောလောဆယ် ငြိမ်းချမ်းပြီးသည့် ဒေသတစ်ခုမှာ ရန်သူမလွှမ်းမိုးအောင်၊ ရန်သူလာမတိုက်နိုင်အောင် စည်းရုံးရေးအခြေခံသည့် ပြည်သူ့လုံခြုံရေးစနစ်ပါသော ကာကွယ်ရေးအစီအမံများကို ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်နေရမည်**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေး တောင့်တင်းခိုင်မာခြင်းနှင့် ဆက်စပ်ပါသည်။ တစ်ဖန် ဖွံ့ဖြိုးမှုနှင့် ငြိမ်းချမ်းမှုသည်လည်း ဆက်စပ်မှုရှိနေပြန်သည့်အတွက် ငြိမ်းချမ်းမှုမရှိသည့်အခါ နိုင်ငံ့စီးပွားရေးအခြေခံအဆောက်အအုံများတည်ဆောက်ရာတွင် အခက်အခဲများ ရှိရပြန်သည်။

ရေရှည်ပဋိပက္ခများနှင့် နပန်းလုံးနေရသည့်နိုင်ငံများတွင် ပို၍သိသာသည်။ ထိုနိုင်ငံများတွင် အလုံးစုံငြိမ်းချမ်းရေးဟူသည် အိပ်မက်မျှသာဖြစ်နေသည့်အခါ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို တစ်ပြိုင်တည်း အကောင်အထည်ဖော်နိုင်မည့် မော်ဒယ်မျိုးရှိရမည်ဖြစ်သည်။ တွေ့ဆုံညှိနှိုင်းမှု ရသလောက်လုပ်ပြီး အပစ်အခတ်ရပ်စဲမှု ဖြစ်နိုင်သမျှဖြစ်အောင် လုပ်သော်လည်း တစ်ခါတစ်ရံ ဉာဏ်ပညာမဲ့၊ အတ္တဦးစားပေး၊ လက်နက်အားကိုး၊ တိုက်ပွဲဖော်ဆောင်သူများကြောင့် ငြိမ်းချမ်းရေးကို စစ်ပွဲများဖြင့် ရယူလိုက်ရတာလည်း ရှိနိုင်သည်။ တိုက်ရင်းစည်းရုံး၊ စည်းရုံးရင်းတိုက်မှ ရရှိလာသောတိုက်ပွဲရလဒ်ဖြင့် ငြိမ်းချမ်းသွားသောဒေသများတွင် ရလျှင်ရသလောက် အခြေအနေပေးသမျှ အခွင့်အလမ်းများမှတစ်ဆင့် ပြည်သူလူထုအကျိုးစီးပွားကို တိုက်ရိုက်ဖော်ဆောင်၍ရပါသည်။

**ငြိမ်းချမ်းသည်နှင့် ချက်ချင်း အကောင်အထည်စတင်ရန်**

ငြိမ်းချမ်းသည်နှင့် ထိုငြိမ်းချမ်းသောဒေသများမှာ ဒေသခံပြည်သူများ၏ စီးပွားရေးလုပ်ငန်းများ ချက်ချင်းအကောင်အထည်ဖော်ရန် စတင်နိုင်ပါသည်။ တစ်ပိုင်တစ်နိုင်မှသည် ပို၍ကြီးမားသော စီးပွားရေးအခင်းအကျင်းများအထိ လုပ်နိုင်အောင် ရေးရှုအားထည့်ရပါမည်။ ငြိမ်းချမ်းပြီးသောဒေသများမှာ ငြိမ်ချမ်းရေးကို လုံခြုံရေး၊ ကာကွယ်ရေးအစီအမံများဖြင့် ခိုင်မာအောင်လုပ်ပြီး စီးပွားရေး အခြေခံအဆောက်အအုံများကို တည်ဆောက်ရပါမည်။ စီးပွားရေးလုပ်ငန်းများ တစ်ပိုင်တစ်နိုင်စတင်ရန် ပညာနှင့် နည်းပညာ၏ကဏ္ဍကိုလည်း လိုအပ်သလို အားကိုးရပါမည်။ ထိုအခါ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ထွက်ပေါ်လာမှာ သေချာသည်။

နေရာမှန်လျှင် လူမှန်များ ရောက်လာမည်သာဖြစ်သည်။ အချိန်တိုင်းမှာ ပုံမှန်လုပ်ကိုင်စားသောက်ဖို့ လုံခြုံမှုရှိလာခြင်းက ထွက်ပြေးတိမ်းရှောင်နေရသူများအတွက် အင်အားတစ်ခုဖြစ်လာမည်၊ လက်နက်ကိုင်ထားသူ လက်နက်စွန့်ချင်စိတ်များပေါ်လာမည်။ ငြိမ်းချမ်းခြင်းက အေးမြမှုကို ပေးစွမ်းကြောင်း သက်သေသည် တိုက်ပွဲမရှိငြိမ်းချမ်းသောဒေသမှ ငြိမ်းချမ်းရေးအသီးအပွင့်ခံစားရသူများထံမှသာ ထွက်ပေါ်လာနိုင်ပါသည်။ ဤသို့ဖြင့် ကနဦးရပ်ရွာဖွံ့ဖြိုးမှုမှသည် မြို့နယ်အဆင့်ဖွံ့ဖြိုးမှု ထိုမှတစ်ဆင့် ခရိုင်ဒေသအလိုက် ပြည်နယ်အဆင့် ဖွံ့ဖြိုးမှုအထိ တစ်ဆင့်ချင်း တိုးတက်လာမည်သာ ဖြစ်ပါသည်။

**လူငယ်ကိုအခြေခံ**

ငြိမ်းချမ်းသောဒေသများတွင် အလုပ်အကိုင် ကောင်းကောင်းလုပ်နိုင်ကြပြီး တစ်နေ့၊ တစ်လ၊ တစ်နှစ်စာ စားရေး၊ ဝတ်ရေး၊ နေရေး မပူပန်ရခြင်းက ပညာကောင်းကောင်းသင်ရဖို့ အခွင့်အလမ်းတစ်ခုဆီ ပို့ပေးပါသည်။ ကျောင်းကောင်းကောင်းတွေ ရှိလာဖို့ရာလည်း လွယ်ကူသွားပါပြီ။ လောလောဆယ် ငြိမ်းချမ်းပြီးသည့် ဒေသတစ်ခုမှာ ရန်သူမလွှမ်းမိုးအောင်၊ ရန်သူလာမတိုက်နိုင်အောင် စည်းရုံးရေးအခြေခံသည့် ပြည်သူ့လုံခြုံရေးစနစ်ပါသော ကာကွယ်ရေးအစီအမံများကို ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်နေရမည်။

အရာရာလူငယ်ထုကို အခြေခံရမည်၊ အမျိုးသမီးထုကို ဦးစားပေးရမည်မှာ အခြေခံအချက်များပင် ဖြစ်သည်။ ကောင်းမွန်သော အနာဂတ်အတွက် မျိုးဆက်တစ်ခု၏အခြေခံသည် ယနေ့လူငယ်များပင်ဖြစ်သည်။ စစ်၏အနိဋ္ဌာရုံများကို ကံအကြောင်းမလှကြုံရသော ယနေ့လူငယ်များသည် အကောင်းအဆိုး၊ အမှားနှင့်အမှန် ရန်သူနှင့်မိတ်ဆွေကို ကောင်းစွာခွဲခြားနိုင်ပြီဟု ယုံကြည်ပါသည်။ အသက်အရွယ်ကြီးရင့်သူများက သူတို့၏ အတွေ့အကြုံကို အတိတ်နှင့်ယှဉ်၍ ကောင်းစွာမျှဝေသင့်သည်။ ဒီမိုကရေစီကိုသွားမည်ဆိုလျှင် နောင်ပြည်သူ့အကျိုးပြုပါတီများအတွက် အားသစ်လောင်းရာသည် ယနေ့ လူငယ်များပင်ဖြစ်ပါလိမ့်မည်။ မျိုးချစ်စိတ်ရှိသည့်ပါတီများ၊ အမျိုးသားရေး တည်ဆောက်မည့်ပါတီများဖြစ်ရန်သည် နိုင်ငံသားကောင်းပီသပြီး အောက်ခြေခိုင်သည့် လူငယ်စည်းရုံးရေးမှုများကို အခြေခံမှသာ ပို၍ဖြစ်နိုင်မည်ဟု ယုံကြည်ပါသည်။

**တစ်နေရာကငြိမ်းချမ်းရေး အခြားဒေသများသို့ရောက်အောင်လုပ်**

ငြိမ်းချမ်းရေး ကွက်ကွက်လေး ရသမျှလေးမှာ ပြန်လည်ထူထောင်ရေး အမြင်ဖြင့် အမြော်အမြင်၊ ပညာဉာဏ်ရှိရှိ၊ ဆင်ခြင်တုံတရားအပြည့်၊ ကိုယ်ချင်းစာမှုအပြည့်ဖြင့် ဦးဆောင်မှုပေးနိုင်လျှင် ထိုဒေသရှိပြည်သူများ၏ လူနေမှုဘဝလေးများ အထိုက်အလျောက် တိုးတက်လာမှာ သေချာပါသည်။ ဦးဆောင်သူများ၏စေတနာအပြည့်ဖြင့် ကူညီလုပ်ကိုင်ပေးမှုများအပေါ် စစ်ဒဏ်ခံဒေသခံများ၏ ယုံကြည်လေးစားမှုသည် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် အပြုသဘောများစွာပါသော သက်ရောက်မှုကိုပေးပါသည်။

အပြန်အလှန်ယုံကြည်မှုမှတစ်ဆင့် အပြန်အလှန်နားလည်မှု ရရှိလာခြင်းသည် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ပင်အဖိုးတန်လှပါသည်။ ငြိမ်းချမ်းပြီး ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုကို အခြားမငြိမ်းချမ်းသောဒေသများက လက်နက်ကိုင်များ ပြည်သူများက မြင်ရကြားရသည့်အခါ မည်သို့ရှိနိုင်မည်နည်း..၊ လူပီသလျှင် ငြိမ်းချမ်းမှုကို လိုချင်သည်သာဖြစ်သည်။ ငြိမ်းချမ်းမှုကို မလိုလားသူသည် လူမိုက်သာဖြစ်လိမ့်မည်။ မိမိဒေသငြိမ်းချမ်းမှုက အခြားသူများထံ ကူးစက်သွားစေပါသည်။ ဘယ်သူက စစ်ဒဏ်နှင့် အငတ်ဘေးကို ကြာရှည်ကြုံချင်ကြမည်နည်း။ အဖျက်သမားမှလွဲ၍ အပျက်ကိုဘယ်သူလိုချင်မည်လဲ၊ မငြိမ်းချမ်းသောဒေသမှ လက်နက်ကိုင်တွေ၊ ပြည်သူတွေကို ငြိမ်းချမ်းခြင်း၏ အရသာ ဘယ်လိုရှိသလဲ မြင်အောင်၊ ကြားအောင် လုပ်နိုင်စွမ်းရှိရမည်။ လှုံ့ဆော်နိုင်စွမ်းရှိရမည်၊ မျှဝေနိုင်စွမ်းရှိရပါမည်၊ လုပ်သမျှ လက်တွေ့ပါ၍ လက်တွေ့လည်းကျ ထိရောက်မှုလည်း ရှိရမည်ဖြစ်သည်။

**ပြန်လည်ထူထောင်ရေးနှင့်အတူ လူမှုစီးပွားဘဝကိုမမေ့ရန်**

စစ်ဘေးသင့်ဒေသတွင် စီးပွားရေးကဏ္ဍ ပြန်လည်လှုပ်ရှားအသက်ဝင်လာအောင် နိုးထမှုက ငြိမ်းချမ်းရေးတည်ဆောက်ခြင်းမှာ မရှိမဖြစ်အရေးပါသည့် အစိတ်အပိုင်းတစ်ခု ဖြစ်သည်ဟု ဆိုသည်။ ငြိမ်းချမ်းရေးမရဘဲနှင့်လည်း စီးပွားရေးလုပ်လို့မရဟု ယေဘုယျဆိုသော်လည်း ငြိမ်းချမ်းရေး ဒီနေ့ရ၊ ဒီနေ့ပဲ စီးပွားရေးကို စလုပ်ဖို့ စဉ်းစားတာကလည်း သဘာဝကျသည်။ နေထိုင်ဖို့နေရာထက် အာဟာရအတွက် ဝမ်းရေးက ပိုအရေးကြီးသည်မဟုတ်ပါလား။

နိုင်ငံရေးကြောင့် စစ်ဖြစ်ရသလို စီးပွားရေးကြောင့်လည်း စစ်ဖြစ်ရသည့်အတွက် စီးပွားရေးပြေလည်လျှင် စစ်ကို ခဏမေ့ထားလို့ရသည်။ နောက်ဆက်တွဲ အခက်အခဲနှင့် စိန်ခေါ်မှုများက ဖြေရှင်းရမှာ တသီကြီးဆိုသော်လည်း နောက်ကျသည်ဆိုသည်မှာမရှိပါ။ ပဋိပက္ခဖြစ်ပွားမှုပုံစံ၊ ပါဝင်ပတ်သက်သူများနှင့် ပါဝင်သည့် လက်နက်ကိုင်အဖွဲ့များ၊ ပြည်ပမှပါဝင်ပတ်သက်မှု အားလုံးထည့်သွင်းစဉ်းစားရမည်။

ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းထားနိုင်ခြင်းနှင့်အတူ နယ်မြေဒေသခံများ၏ အကျိုးစီးပွား၊ ဒေသခံများ၏အကျိုးကို လိုလားလက်ခံသည့် လက်နက်ကိုင်အဖွဲ့များ၏ အကျိုးစီးပွား **နှင့် ဘိန်း၊ မူးယစ်ဆေးနှင့် လောင်းကစားမှာ သာယာနေသည့်လက်နက်ကိုင်သူပုန်များ၏အကျိုးစီးပွားခြားနားချက်၊ အစိုးရယန္တရားများ အမြန်ပြန်လည်လည်ပတ်နိုင်မည့်အခြေအနေနှင့် တရားဥပဒေစိုးမိုးမှုနှင့် လုံခြုံရေးကိစ္စများပါ အားလုံးထည့်တွက်ရမည်ဖြစ်သည်။**

ဒေသခံများ စစ်ရှောင်ပြောင်းရွှေ့သွားမှုနှင့်ဌာနေသို့ ပြန်လာနိုင်မည့်အနေအထားကိုလည်း ထည့်သွင်းတွက်ချက်ရမည်။ ဆုံးရှုံးသွားသည့်လူ့စွမ်းအားအရင်းအမြစ်တွေမှာ တန်ဖိုးရှိ လူသားအရင်းအမြစ်တွေ များစွာပါသွားမည်မှာ သေချာသည်။ စစ်ဖြစ်၍သာ စစ်ရှောင်ရတာဖြစ်၍ အများစုက ကိုယ့်ရပ်ကိုယ့်ရွာသို့ပြန်လာလိုသော်လည်း လုံခြုံရေးစိတ်မချရ၊ စားသောက်နေထိုင်ဖို့အခက်အခဲရှိသောဒေသခံများနှင့် လက်နက်ကိုင်အဖွဲ့များကို ဘယ်လိုမက်လုံးပေးမလဲ စဉ်းစားရမည်။

ပျက်စီးသွားသည့် လမ်းတံတားစသည့် အခြေခံအဆောက်အအုံတွေကို ပြန်လည်တည်ဆောက်ရန်သည် ဦးစားပေး ပြန်လည်ထူထောင်ရမည့်လုပ်ငန်းများ ဖြစ်လာသည်။ ဒေသခံများနှင့် ပြန်လာသည့် ရွှေ့ပြောင်းစစ်ရှောင်များ၏ကျန်းမာရေးနှင့် ပျက်စီးသွားသည့် နေအိမ်များ ပြန်လည်တည်ဆောက်ရေးသည်လည်း အရေးကြီးကိစ္စရပ်ဖြစ်သည်ကို မေ့ထား၍မရ။ ယခင်ကတည်းက မူးယစ်၊ မှောင်ခို၊ လောင်းကစား၊ တရားမဝင်လုပ်ငန်းများနှင့် ယှဉ်ပါးနေသည့် ဒေသတွင်း လက်နက်ကိုင်အများစုအဖို့မူ သမ္မာအာဇီဝကျကျလုပ်ငန်းကို ကျေကျေနပ်နပ်လက်ခံတတ်ရန်နှင့် တရားဝင်စီးပွားရေးလုပ်ငန်းများနှင့် ယှဉ်ပါးလာရန် ခက်ခဲမှုရှိနိုင်ပါသည်။

သို့မဟုတ်ပါက အစိုးရဝန်ထမ်းများနှင့်လုံခြုံရေးအဖွဲ့များမရှိခြင်းက လုပ်စားကိုင်စားရတာ ပို၍ကောင်းသည်ဆိုသည့် တလွဲအယူအဆတွေ ဒေသခံများ လက်နက်ကိုင်များတွင် ကိန်းအောင်းသွားမည့် အန္တရာယ်ရှိလာနိုင်ပါသည်။ ထို့ကြောင့် စိန်ခေါ်မှုနှင့်အခက်အခဲများဟူသည် ချက်ချင်းဖြေရှင်း၍ရနိုင်မည် မဟုတ်ဘဲ အချိန်ယူစည်းရုံး၍ များစွာပညာပေးရန် လိုအပ်နေမည်ဖြစ်ပါကြောင်းနှင့် ဖြေလျှော့ပေးမှုများ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းနှင့် မက်လုံးပေးမှုများစွာ လိုအပ်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။

**ရေတိုအောင်မြင်မှုများကတစ်ဆင့်**

ရေရှည်ပဋိပက္ခများနှင့် နပန်းလုံးနေရသည့်အခြေအနေအောက်မှာ မည်မျှပြင်းထန်နေပါစေ၊ ငြိမ်းချမ်းရေးလမ်းစတစ်ခုသည် မမျှော်လင့်ဘဲ ရှိလာနိုင်ပါသည်။ အပစ်အခတ် ရပ်စဲထားသည့် အခြေအနေလည်း ဖြစ်နိုင်သည်။ မည်သည့်အခြေအနေမျိုး ဖြစ်လာပါစေ အခွင့်အရေးကို မိမိရရ အသုံးချနိုင်ရန် ဖြစ်ပါသည်။ တည်ငြိမ်ရေးကို လုံခြုံရေးဖြင့်

*စာမျက်နှာ ၁၇ သို့*

**“ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းထားနိုင်ခြင်းနှင့်အတူ နယ်မြေဒေသခံများ၏အကျိုးစီးပွား၊ ဒေသခံများ၏အကျိုးကို လိုလားလက်ခံသည့် လက်နက်ကိုင်အဖွဲ့များ၏ အကျိုးစီးပွားနှင့် ဘိန်း၊ မူးယစ်ဆေးနှင့် လောင်းကစားမှာ သာယာနေသည့် လက်နက်ကိုင်သူပုန်များ၏ အကျိုးစီးပွားခြားနားချက်၊ အစိုးရယန္တရားများ အမြန်ပြန်လည် လည်ပတ်နိုင်မည့်အခြေအနေနှင့် တရားဥပဒေစိုးမိုးမှုနှင့် လုံခြုံရေးကိစ္စများပါ အားလုံးထည့်တွက်ရမည်ဖြစ်သည် ”**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အပါအဝင် နေပြည်တော်ရှိ ခရီးစဉ်ဒေသများသို့ ပြည်တွင်း/ပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေးအတွက် ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များ၊ ဟိုတယ်နှင့် ခရီးသွားကုမ္ပဏီများမှ လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း တည်ထားကိုးကွယ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအပါအဝင် နေပြည်တော်ရှိ ခရီးစဉ်ဒေသများသို့ ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေးအတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်)၊ နေပြည်တော်ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ခရီးသွားကုမ္ပဏီများမှ လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက စာရင်းဇယားများအရ ၂၀၂၃ ခုနှစ်တွင် နေပြည်တော်ရှိ ခရီးသွားဆွဲဆောင်ရာ (၃၈) နေရာသို့ ပြည်တွင်း/ပြည်ပခရီးသွားဧည့်သည်များ သွားရောက်လည်ပတ်ကြသည်ကို တွေ့ရှိရပါကြောင်း၊ မကြာသေးမီက ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားပူဇော်ထားသည့်အတွက် ဘုရားဖူးခရီးသွား လုပ်ငန်းအတွက် ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသတစ်ခုအဖြစ် ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွား အသင်းအဖွဲ့များ၊ ခရီးသွားကုမ္ပဏီများအနေဖြင့် နိုင်ငံတကာခရီးသွား ဧည့်သည်များအတွက် ပြည်တွင်း၌ သွားရောက်လည်ပတ်သော ခရီးစဉ်များ ရေးဆွဲရာတွင် ခရီးစဉ်ဒေသတစ်ခုအဖြစ် ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် တွေ့ဆုံရခြင်းဖြစ်ပါကြောင်း၊ နေပြည်တော်အနေဖြင့် လမ်းပန်းဆက်သွယ်ရေး၊ တည်းခိုနေထိုင်ရေးနှင့် ခရီးသွားအဆောက်အအုံများ ရှိနှင့်ပြီး ဖြစ်သည့်အတွက် ပြည်တွင်း/ပြည်ပ ခရီးသွားဈေးကွက်ရရှိရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေနှင့် မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအေးထွန်းက ပြည်တွင်း/ပြည်ပ ဘုရားဖူးခရီးစဉ်များ ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် ဆောင်ရွက်သင့်သည်များ၊ ဖြစ်ပေါ်လာမည့် အခက်အခဲများအပေါ် ညှိနှိုင်းဖြေရှင်းဆောင်ရွက်သင့်သည်များ၊ ဘုရားဖူးခရီးစဉ်နှင့် တွဲဖက်၍ အခြားခရီးသွား ဆွဲဆောင်ရာနေရာများသို့ လည်ပတ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသင့်သည်များ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ရေးအတွက် အကြံပြုချက်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီနယ်မြေ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**







# ကယားပြည်နယ် လွိုင်ကော်မြို့ရှိ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များကို အခြေခံစားကုန်များ၊ ဆေးဝါးများ ထောက်ပံ့ပေးအပ်

**လွိုင်ကော် ဇန်နဝါရီ ၂၆**

နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) ပင်စင်စားများအား ပင်စင်လစာထုတ်ပေးခြင်းနှင့် အခြေခံစားကုန်များ၊ ကျန်းမာရေး အထောက်အကူပြု ဆေးဝါးများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ် လွိုင်ကော်မြို့ မြန်မာ့စီးပွားရေးဘဏ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)ပင်စင်စားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား) ပင်စင်စားများအား အခြေခံစားကုန်များ၊ ကျန်းမာရေး အထောက်အကူပြု ဆေးဝါးများ ထောက်ပံ့ပေးအပ်ရာ တက်ရောက်လာသည့် ပင်စင်စားများက လက်ခံရယူသည်။ **(အပေါ်ပုံ)**

**ပင်စင်လစာထုတ်ပေး**

ဆင်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) များကို ပင်စင်လစာထုတ်ပေးနေမှုအား ကြည့်ရှု၍ လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**လစဉ်ထုတ်ပေးနိုင်ရေးဆောင်ရွက်**

အဆိုပါ ပင်စင်လစာထုတ်ပေးမှုမှာ မြို့ပြပင်စင်စား ၁၇ ဦး၊ ကာကွယ်ရေးပင်စင်စား ၇၃ ဦး စုစုပေါင်း ၉၀ အတွက် ၂၀၂၄ ခုနှစ် ဇန်နဝါရီလအထိ ပင်စင်လစာများ ထုတ်ပေးခဲ့ပြီး လစဉ်ပုံမှန် ထုတ်ပေးနိုင်ရေး မြန်မာ့စီးပွားရေးဘဏ်မှ ဆောင်ရွက်လျက်ရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**

# SKY NET ဖိတ်ခေါ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသမီး APPLE အသင်း ဗိုလ်လုပွဲတက်

**ရန်ကုန် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူး၍ ရွှေသံလွင်မီဒီယာက စီစဉ်ကျင်းပသည့် SKY NET ဖိတ်ခေါ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသမီး သုံးယောက်တွဲပတ်လည်စနစ်ပွဲစဉ် (၅) ပြိုင်ပွဲနှင့် အမျိုးသားဆီမီးဖိုင်နယ်ပြိုင်ပွဲများကို ဇန်နဝါရီ ၂၆ ရက် ညနေ ၆ နာရီက တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ ရွှေထွဋ်တင် အင်ဒိုးကွင်း၌ ကျင်းပသည်။

အမျိုးသမီး သုံးယောက်တွဲပတ်လည်စနစ်ပွဲစဉ် (၅) ပြိုင်ပွဲ၌ APPLE အသင်းက HUAMEI MYANMAR အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။ အမျိုးသမီးသုံးယောက်တွဲ APPLE အသင်းသည် ဇန်နဝါရီ ၂၇ ရက် ပွဲစဉ် (၆) GUSTO နှင့် GRAND MEKONG အသင်းတို့ပြိုင်ပွဲမှ အနိုင်ရရှိသည့်အသင်းနှင့် ဗိုလ်လုပွဲတွင် ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ဆီမီးဖိုင်နယ် အမျိုးသားသုံးယောက်တွဲပြိုင်ပွဲများတွင် KHIT KYAUNG THAR အသင်းက SHWE KYUNG THAR အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ LATE THONE KAUNG အသင်းက USL အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် ဗိုလ်လုပွဲပြိုင်ပွဲများကို ဇန်နဝါရီ ၂၈ ရက် ညနေ ၆ နာရီက စတင်ကျင်းပပြီး SKY NET SPORTS 4 နှင့် SKY NET SPORTS HD CHANNEL၊ Channel-9 တို့မှတိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

*စာမျက်နှာ ၁၆ မှ*

ထိန်းထားပြီး တစ်ဖက်က ရသမျှ ပေးသမျှဖြင့် အခြေအနေကောင်းများ ဖန်တီးနိုင်ရန်ဖြစ်သည်။ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းကို ချက်ချင်းစလုပ်ရန်ဖြစ်ပါသည်။

ရေရှည်အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ ရေတိုအကျိုးရလဒ်များများ ရနိုင်သလောက် လုပ်ကြည့်ရန်ဖြစ်သည်။ ရေတိုအောင်မြင်မှုများသည် ရေရှည်အောင်မြင်မှုများအတွက် အခြေခံဖြစ်သလို ထာဝရငြိမ်းချမ်းရေးပန်းတိုင်အတွက်ပါ ရေရာသေချာသည့် အာမခံချက်များ ဖြစ်သွားနိုင်ပါသည်။ ရေတိုအောင်မြင်မှုလေးများသည် ဒေသခံများအတွက် အကျိုးစီးပွားဖြစ်စေသလို ကျန်မငြိမ်းချမ်းသောဒေသများရှိလက်နက်ကိုင်များအတွက်လည်း အတုယူစရာတစ်ခုဖြစ်လာနိုင်ပါသည်။ ထိုမျှတင်မက ကိုယ့်လူမျိုးအချင်းချင်း ကရုဏာတရားဖြင့် ကူညီစောင့်ရှောက်တတ်သည့် ပြည်တွင်းအလှူဒါနရှင်များအတွက်လည်း ရေရာသေချာသည့် အနာဂတ်လုပ်ငန်းစဉ်များအပေါ် ယုံကြည်မှုကို ရရှိလာစေပြီး လူမှုစီးပွား အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရာမှာ တတ်အားသမျှပါဝင်လာနိုင်မည်ဟု ယူဆပါသည်။

ရေတိုအကျိုးဖြစ်ထွန်းမှုတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝန်ဆောင်မှုအချို့က သေချာသည့် ကုန်ထုတ်လုပ်မှုရလဒ်ကောင်းကို ပေးစွမ်းပါသည်။ တစ်သမတ်တည်းသော လက်တွေ့ကျသည့်မူဝါဒအောက်မှာ ဒေသအခြေအနေကိုကြည့်၍ ချုပ်ကိုင်မှုအနည်းဆုံးဖြင့် လုပ်ကိုင်ခြင်းက ရေတိုအောင်မြင်မှုကို ပိုရစေပါသည်။ သို့မှသာ အခြေအနေကို စောင့်ကြည့်နေကြသည့် စီးပွားရေးနှင့်ပြန်လည်ထူထောင်ရေးမှာ ရေရှည်ရင်းနှီးမြှုပ်နှံလိုသူ လုပ်ငန်းရှင်များအတွက် အခြေအနေကောင်းများ ရှိနေပါကြောင်း သက်သေပြရာရောက်ပါမည်။

**ဤဆောင်းပါး၏ အဓိကလိုရင်းမှာ စစ်ပွဲများသည် အဘယ်မျှ ဆိုးရွားကြောင်းနှင့် စစ်ဖြစ်လျှင် အပစ်အခတ်ရပ်စဲရန်လွယ်ကူနိုင်သော်လည်း ငြိမ်းချမ်းရေးရရှိရန်မှု ခက်ခဲပုံနှင့် ပြန်လည်ထူထောင်ရေးများ လုပ်ဆောင်ရန်သည် အဘယ်မျှ ခက်ခဲလှကြောင်း၊ အမှန်တကယ် စစ်၏သားကောင်ဖြစ်ရသူများသည် အပြစ်မဲ့ပြည်သူများသာဖြစ်ပြီး လူမှုစီးပွားဘဝတွေ ဗီးရိုးလိုင်းအထိ ရောက်သွားရပုံများကို အကဲခတ်မိရန် ရည်ရွယ်ပါသည်။ ထို့ကြောင့် တည်ငြိမ်မှုခေတ္တခဏရသည့် အချိန်အတွင်းမှာ အခွင့်ကောင်းရယူ၍ ပညာဉာဏ်ရှိရှိ၊ အမြော်အမြင်ရှိရှိဖြင့် ထူထောင်ရေး လုပ်ငန်းများ ဘယ်လိုစတင်နိုင်မည်လဲ ရည်ရွယ်ခြင်းလည်း ဖြစ်ပါသည်။**

ရေရှည်ဖွံ့ဖြိုးရေးနှင့် ထာဝရငြိမ်းချမ်းရေးအိပ်မက်ကို ရေတိုရလဒ်နှင့် အောင်မြင်မှု အသေးလေးများမှတစ်ဆင့် အကောင်အထည်ဖော်ကြည့်ခြင်း ဖြစ်သည်။ ရရှိနေသည့် အပစ်အခတ်ရပ်စဲရေး သို့မဟုတ် စစ်ပွဲမှတစ်ဆင့် ရယူထားရသည့် ငြိမ်းချမ်းနေသည့်ဒေသများမှာ လူမှုစီးပွားအခြေခံအဆောက်အအုံများကို ဘယ်လိုထူထောင်မလဲ။ ကမ္ဘာ့နိုင်ငံအချို့၏ ပဋိပက္ခမဖြစ်မီနှင့်ဖြစ်ပြီးကာလ ပြန်လည်တည်ဆောက်ရေးနမူနာအချို့ကိုလေ့လာပြီး စဉ်းစားကြည့်ခြင်းဖြစ်သည်။

စိတ်ချရသည့် လုံခြုံရေးအစီအမံအောက်မှာ တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်လျက် ရနိုင်သမျှ လူမှုစီးပွားဘဝတည်ဆောက်ရေးများကို ခပ်မြန်မြန် ခပ်သွက်သွက် အကောင်အထည်ဖော်နိုင်ရန်ဖြစ်သည်။ ဒေသတွင်း ရေတိုအောင်မြင်မှုများ ဖန်တီးနိုင်ခြင်းက ပြည်သူနှင့် ကျန်လက်နက်ကိုင်များကို ရသလောက် ဆွဲဆောင်စည်းရုံးနိုင်မည်ဖြစ်ပြီး ဤသို့ဖြင့် ရေရှည်ဖွံ့ဖြိုးမှုကိုပါ တစ်ပါတည်း တည်ဆောက်သွားနိုင်ပါမည်။ ထိုမှတစ်ဆင့်သာ ထာဝရငြိမ်းချမ်းရေးဆိုသည်ကိုလည်း အခိုင်အမာရရှိလာမည်ဖြစ်သည်ဟု ယုံကြည်ပါသည်။ ။

## မွန်ပြည်နယ် ကျိုက်ဖျဉ်ကူစေတီတော်မြတ်ကြီး၏ (၃၁) ကြိမ်မြောက် ဗုဒ္ဓပူဇနီယဆွမ်းကြီးလောင်းပွဲတော် ကျင်းပ

**ပေါင် ဇန်နဝါရီ ၂၆**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယမန်နေ့က မုတ္တမကျေးရွာရှိ ကျိုက်ဖျဉ်ကူစေတီတော်မြတ်ကြီး၏ (၃၁) ကြိမ်မြောက် ဗုဒ္ဓပူဇနီယဆွမ်းကြီးလောင်းပွဲတော်သို့ရောက်ရှိရာ ရှေးဦးစွာ စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်နှင့် ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ဌာနဆိုင်ရာများ၊ အလှူရှင်များက ဘုရားအမှူးပြုသော ပင့်သံဃာတော်များ၊ သီလရှင်ဆရာလေး အပါး ၁၅၀ တို့ကို ဆွမ်းခြောက်များ လောင်းလှူကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာ ကွင်းအမှတ်(၉၂၇)၊ (၉၂၃)၊ (၉၂၈) တွင် ဒေသခံတောင်သူများ၏ ပန်းဂေါ်ဖီ၊ မုန်လာ၊ ကန်စွန်း၊ ဘူးသီး၊ ငရုတ်၊ ကြက်ဟင်းခါး စုစုပေါင်း ၁၆၅ ဧကတွင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများက မိမိတို့၏ လယ်ယာမြေများတွင် ရေလုံလောက်မှုရရှိရေးအတွက် မြေထိန်းတံခါးများတပ်ဆင်ပေးရေး၊ ရေကန်များ ပြန်လည်တူးဖော်ပေးရေး လိုအပ်သည်များကို တင်ပြခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ပေါင်းစပ်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**မြို့နယ်(ပြန်/ဆက်)**



## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၊ မုံရွာမြို့၊ ရွှေဘိုမြို့တို့အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ သုခကာရီဓမ္မအလင်းရောင်အသင်းဝင်များ စုစုပေါင်း ၂၁၉ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်တော်အတွင်းရှိ ကျောက်စိမ်းရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြပြီး စေတီတော်မြတ်ကြီး၏ အတွင်းပိုင်းရှိ ဗုဒ္ဓဘုရားရှင်၏ ဖွား၊ ပွင့်၊ ဟော၊ စံ အစရှိသည့် ဗုဒ္ဓပန်းချီကားများကို စကျင်ကျောက်သားဖြင့် ပုံဖော်ထားရှိမှုနှင့် လိုဏ်မျက်နှာကြက်တွင် သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါးနှင့် ၂၄ ပစ္စည်းတို့ကို ကြေးပန်းတည်း၊ ရွှေဇဝါယွန်းတို့ဖြင့် သွန်းလုပ်ပုံဖော်ထားရှိမှုများကို လေ့လာကြည့်ရှုကြပြီး စေတီတော် ပရိဝုဏ်အရှေ့မြောက်ထောင့်ရှိ ဘုံခုနစ်ဆင့်ပါရှိသောဂန္ဓကုဋီကျောင်းဆောင်တော်အတွင်းရှိ မဟာဆုတောင်းပြည့် ဘုရားကြီးကို ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် စေတီတော်အရှေ့ဘက်မုခ်ရှိ ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်သို့သွားရောက်ပြီး ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး “ရဋ္ဌနန္ဒက” နှင့် ဆင်ဖြူတော်များကို အစားအစာများ ကျွေးမွေးကြသည်။

ဆက်လက်၍ ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် **“နိုင်ငံတော်၏ လွတ်လပ်ရေးထိန်းသိမ်းမှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်ဆောက်ကြိုးပမ်းမှုသမိုင်း၌ နိုင်ငံတော်အတွက် အသက်ကို စွန့်လွှတ်၍ မှန်ကန်ရဲဝံ့စွာ ဆောင်ရွက်ခဲ့သည့် သူရဲကောင်းတို့၏ ကွန်းခိုရာဗိမာန်ဖြစ်သည်”** သူရဲကောင်းဗိမာန် (နေပြည်တော်)သို့ ရောက်ရှိကြပြီး ကျဆုံးလေပြီးသော တပ်မတော်သားသူရဲကောင်းများကို ဂါရဝပြု အလေးပြုကြပြီး ဗိမာန်အတွင်း လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြသည်။ **သတင်းစဉ်**

## (၇၅)နှစ်မြောက် အိန္ဒိယသမ္မတနိုင်ငံတော်နေ့ အထိမ်းအမှတ် အလံတင်အခမ်းအနား မန္တလေးမြို့၌ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၆**

(၇၅) နှစ်မြောက် အိန္ဒိယသမ္မတနိုင်ငံတော်နေ့ အထိမ်းအမှတ် အလံတင်အခမ်းအနားကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၆၅ လမ်းနှင့် ၁၀၂ (အေ) လမ်းထောင့်ရှိ အိန္ဒိယဂေဟာ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ အထိမ်းအမှတ်အခမ်းအနားသို့ မန္တလေးမြို့ အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ် H.E. Mr. Sundeep Kaushal နှင့် တာဝန်ရှိသူများ၊ မန္တလေးတက္ကသိုလ်၊ မြန်မာ့သတင်း အချက်လက်နှင့် နည်းပညာ တက္ကသိုလ်တို့မှ ပါမောက္ခဆရာ ဆရာမများ၊ တာဝန်ရှိသူများ၊ မန္တလေးမြို့မှ တိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ၊ အိန္ဒိယနွယ်ဖွားမိတ်ဆွေများ၊ အိန္ဒိယရိုးရာယဉ်ကျေးမှု အဆိုအကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အိန္ဒိယကောင်စစ်ဝန်ချုပ် H.E.Mr. Sundeep Kaushal က နိုင်ငံတော်အလံကို တိုင်ထိပ်သို့ လွှင့်ထူအလေးပြု၍ တက်ရောက်ကြသူများနှင့်အတူ နိုင်ငံတော်သီချင်းကို ဂုဏ်ပြုသီဆိုကြသည်။ ဆက်လက်၍ အိန္ဒိယကောင်စစ်ဝန်ချုပ်မှ အိန္ဒိယနိုင်ငံသမ္မတကြီးထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး ယဉ်ကျေးမှုအဆိုအက အဖွဲ့ဝင်တို့က ဇာတိမာန်တေးသီချင်းနှင့် ရိုးရာအကအလှတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့နောက် ကောင်စစ်ဝန်ချုပ်က သီဆိုကပြကြသည့် ယဉ်ကျေးမှုအဖွဲ့တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကာ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး နေ့လယ်စာ အိန္ဒိယအစားအစာဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

**တင်မောင်-မန်း**



## ဝိုင်ဘီအက်စ် စံပြယာဉ်မောင်းဆုနှင့် တာဝန်သိယာဉ်မောင်း ၁၀၀ ခန့် ဆုချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) ၏ ၂၀၂၃ ဝိုင်ဘီအက်စ် စံပြယာဉ်မောင်းဆုနှင့် တာဝန်သိ ယာဉ်မောင်းဆုချီးမြှင့်ပွဲကို ယမန်နေ့က ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီရုံးချုပ်၌ ကျင်းပသည်။

“၂၀၂၃ ခုနှစ်အတွက် ဝိုင်ဘီအက်စ် စံပြယာဉ်မောင်းဆုရယ်၊ တာဝန်သိယာဉ်မောင်းဆုရယ် ချီးမြှင့်တာဖြစ်ပါတယ်။ တတိယအကြိမ်မြောက်ဖြစ်ပါတယ်။ ဒီဆုတွေကို ရွေးချယ်တဲ့အခါမှာ ယာဉ်တိုက်ခိုက်မှု လုံးဝမရှိစေရဘူး။ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးအရ အရေးယူထားတဲ့ ယာဉ်မောင်းတွေ မဖြစ်စေရဘူး။ တာဝန်သိ ယာဉ်မောင်းတွေအနေနဲ့ ယာဉ်ပေါ်မှာ ခရီးသည်တွေ ကျန်ခဲ့တဲ့ပစ္စည်းတွေ ပြန်ပေးရတာမျိုးတွေ ရှိတဲ့ ပုဂ္ဂိုလ်တွေကို ရွေးချယ်ပါတယ်။ စံပြယာဉ်မောင်းဆိုတာကတော့ ခရီးသည်တွေကို ဝန်ဆောင်မှုကောင်းကောင်းပေးတယ်။ ပြစ်မှုမရှိတဲ့ သူတွေကို ရွေးချယ်တာဖြစ်ပါ တယ်”ဟု ကော်မတီတွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောသည်။

အခမ်းအနားတွင် ဝိုင်ဘီအက်စ်ယာဉ်မောင်းများ ၂၀၂၃ ခုနှစ်တွင်း စံပြယာဉ်မောင်းဆုရရှိသူ ၄၄ ဦးနှင့် တာဝန်သိယာဉ်မောင်းဆု ရရှိသူ ၅၄ ဦးတို့ကို ဆုများချီးမြှင့်ပေးသည်။

ယင်းနောက် ၂၀၂၃ ခုနှစ်အတွင်း ခရီးသည်ပို့ဆောင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ဝိုင်ဘီအက်စ်ကုမ္ပဏီများနှင့် ခရီးသည်ပို့ဆောင်ရာတွင် ပံ့ပိုးကူညီခဲ့သည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပညာရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**အာကာလင်း**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

### မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Tinzar Lwin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၆)ရပ်ကွက် (အရှေ့)နေ တင်ဇာလွင်အား မွန်းလွဲ ၂ နာရီတွင် သာကေတမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

### လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

## နယူးပို့သ်ကို အနိုင်ယူပြီး မန်ယူအသင်း နောက်တစ်ဆင့်တက်လှမ်းသွားဖွယ်ရှိ

ယခုတစ်ပတ်မှာ ပရီမီယာလိဂ်ပွဲစဉ်တွေကို ရပ်နားထားပြီး အက်ဖ်အေဖလားပြိုင်ပွဲ စတုတ္ထအဆင့်ပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အက်ဖ်အေဖလားစတုတ္ထအဆင့်မှာ အဲဗာတန်က လူတန်၊ ဖူလ်ဟမ်က နယူးကာဆယ်၊ လီဗာပူးက နော့ဝှစ်ချ်၊ နယူးပို့သ်က မန်ယူအသင်းတို့ ဆုံတွေ့တဲ့ ပွဲစဉ်တွေ ပါဝင်နေတာကြောင့် ဘယ်အသင်းက နိုင်ပွဲရယူပြီး နောက်တစ်ဆင့် တက်လှမ်းသွားမလဲ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာဖြစ်ပါတယ်။

အဲဗာတန်နှင့် လူတန်ပွဲကို ဇန်နဝါရီ ၂၇ ရက် ည ၉ နာရီခွဲမှာ ယှဉ်ပြိုင်မှာပါ။ အဲဗာတန်ရော လူတန်အသင်းပါ နောက်ဆုံးလေးပွဲမှာ တစ်ပွဲသာ နိုင်ပွဲရရှိထားတယ်။ အဲဒီလေးပွဲမှာ အဲဗာတန်အသင်းက တစ်ဂိုးသာ သွင်းယူနိုင်ပြီး လူတန်က ငါးဂိုးအထိ သွင်းယူထားနိုင်တာကြောင့် လူတန်ရဲ့ တိုက်စစ်သာလွန်မှုရှိတယ်လို့ ဆိုနိုင်တယ်။ သို့သော်ငြား အိမ်ကွင်းအားသာချက်ရှိတဲ့ အဲဗာတန်နိုင်ဖွယ်ရာရှိတယ်။

ဖူလ်ဟမ်နှင့် နယူးကာဆယ်ပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက် ၁ နာရီခွဲမှာ ယှဉ်ပြိုင်မှာပါ။ ဖူလ်ဟမ်အနေနဲ့ ကာရာဘောင်ဖလားဆီမီးဖိုင်နယ်ကနေ ထွက်ထားရလို့ အက်ဖ်အေဖလားမှာ နောက်တစ်ဆင့်တက်လှမ်းနိုင်ဖို့အတွက် ကာဆယ်ကို ရေကုန်ရေခန်းယှဉ်ပြိုင်ကစားလာမှာပါ။ လတ်တလောမှာ ကာဆယ်အသင်း ခြေစွမ်းကျဆင်းနေတာကြောင့် ဖူလ်ဟမ်အသင်း နိုင်ပွဲရယူသွားဖွယ်ရှိတယ်။

နော့ဝှစ်ချ်နှင့် လီဗာပူးပွဲကို ဇန်နဝါရီ ၂၈ ရက် ည ၉ နာရီမှာ ယှဉ်ပြိုင်မှာပါ။ ချန်ပီယံရှစ်မှာ ပုံစံကောင်းတချို့ ပြသထားနိုင်တဲ့ နော့ဝှစ်ချ်အနေနဲ့ အန်းဖီးလ်ကွင်းမှာ လီဗာပူးကို အသာရဖို့ မလွယ်ဘူး။ လီဗာပူးရဲ့ ခြေစွမ်းက ဒီရာသီမှာ အကောင်းဆုံးပုံစံမှာရှိနေတာကြောင့် လူစုံထုတ်လာဖွယ်မရှိတောင် နော့ဝှစ်ချ်အသင်း ခက်ခက်ခဲခဲရုန်းကန်ရ ပြီး ရှုံးပွဲကြုံတွေ့သွားဖွယ်ရှိတယ်။

နယူးပို့သ်နှင့် မန်ယူပွဲကို ဇန်နဝါရီ ၂၈ ရက် ည ၁၁ နာရီမှာ ယှဉ်ပြိုင်မှာပါ။ ဒီပွဲစဉ်မတိုင်မီ လိဂ်တူးကလပ် နယူးပို့သ်အသင်းထက် မန်ယူက နားရက်ပိုရထားတယ်။ နှစ်သင်းကြား ခြေစွမ်းကလည်း ကွာဟမှုရှိတာကြောင့် မန်ယူအသင်း နိုင်ဖွယ်ရာရှိတယ်။ သို့သော်လည်း လတ်တလော ခြေစွမ်းအရ နယူးပို့သ်အသင်းရဲ့ခြေစွမ်းပုံမှန်ရှိတာကြောင့် သာမန်ထက်မပိုရင် မန်ယူ ပေးဆပ်မှုကြီးမားသွားနိုင်တယ်။

**အောင်ဇော်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ - ၁ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၅၀ ကျပ် | ၂၅၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၁၅ ကျပ် | ၂၅၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၀၅ ကျပ် | ၂၇၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၄၅ ကျပ် | ၂၈၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၃၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၃၄၅၊ ဖက်စ် ၀၆၇-၃၆၁၃၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၃၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

### အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ် ခန့်ထားရန် လျှောက်ထားကြောင်းအကြောင်းကြားစာ
### (အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့ အက်ဥပဒေပုဒ်မ ၁၁)
### မော်လမြိုင်ခရိုင်တရားရုံးတော်
### ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၅၁

ဦးသိန်းလွင် လျှောက်သူ

မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်၊ လမုတန်း၊ ရွှေဝါ(၄) လမ်းရပ်နေ အရွယ် မရောက်သေးသူနှင့် ၎င်းပိုင်ဆိုင်သော ပစ္စည်းအကြောင်း ကျိုက်မရောမြို့၊ အောင်သုခရပ်ကွက် ရပ်နေ (၁) ဦးသိန်းလွင်က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မောင်လင်းထက်သာနှင့် မဝတ်ရည်ချို၏ ဖခင်အရင်းဖြစ်သည်ဟူ၍ ၎င်းသူ၏ကိုယ်နှင့် ပစ္စည်းကို (၁) အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းလျှောက်ထားသည်ဖြစ်၍ထိုသို့လျှောက်ထားခြင်းကို လူအများသိရှိစေရန် အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်နေ့) တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကေသီလှိုင်)
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မော်လမြိုင်ခရိုင်တရားရုံး**

### တာချီလိတ်မြို့ ၏ ကျက်သရေဂုဏ်ဆောင် ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေချလုပ်ငန်းတင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေချလုပ်ငန်းပြုလုပ်ရန်အတွက်၊ ရွှေသင်္ကန်းကပ်လှူရေးဦးစီးကော်မတီနှင့် တင်ဒါကြီးကြပ်ရေးကော်မတီတို့မှ ဦးဆောင်၍ ရွှေချလုပ်ငန်းဆောင်ရွက်ရန် တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာပုံစံဖောင်ရောင်းချမည့်ရက် | - | ၁၇-၁-၂၀၂၄ရက်မှ ၃၀-၁-၂၀၂၄ရက်အထိ |
| (ခ) | ပုံစံဖောင်ရောင်းချမည့်ရက်၊ အချိန် | - | နံနက် ၉နာရီမှ ညနေ ၃နာရီအထိ ရွှေတိဂုံစေတီတော်မြတ်၊ ဂေါပကအဖွဲ့ရုံး၊ တာချီလိတ်မြို့။ |
| (ဂ) | တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်၊အချိန် | - | ၃၀-၁-၂၀၂၄ရက် ညနေ ၄ နာရီ |
| (ဃ) | တင်ဒါဖွင့်လှစ်မည့်ရက်စွဲ၊ အချိန် | - | ၃၁-၁-၂၀၂၄ရက် နံနက် ၉ နာရီ |
| (င) | တင်ဒါဖွင့်လှစ်မည့်နေရာ | - | ရွှေတိဂုံစေတီတော်မြတ် (ဓမ္မာရုံ)၊ တာချီလိတ်မြို့ |

၂။ အသေးစိတ်သိရှိလိုပါက ရွှေတိဂုံစေတီတော်မြတ်၊ ဂေါပကအဖွဲ့ရုံးနှင့် (ဖုန်း-၀၉-၂၅၂၀၉၃၉၆၆၊ ၀၉-၄၂၈၂၁၀၇၈၉) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကြီးကြပ်ရေး/လက်ခံရေး/ဖွင့်ဖောက်ခြင်းနှင့်
ကြမ်းခင်းဈေးအတည်ပြုရေးကော်မတီ
တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့

### အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၀၆၊ မြေကွက်အမှတ်(၁၂၀၇/က)၊ အကျယ်အဝန်း(အလျား ၂၀ ပေ x အနံ ၆၀ ပေ) ဧရိယာ (၀. ၀၂၇) ဧက ရှိ ဦးဘီးဒယား အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ် တည်ဆောက်ထားသော ရန်ကုန်မြို့ ဒဂုံမြို့ သစ်(တောင်ပိုင်း) မြို့နယ်၊ (၁၀၆) ရပ်ကွက်၊ ခါတော်မှီလမ်း၊ အမှတ်(၁၂၀၇/က)ရှိ တစ်ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးမောင်မောင်လတ် (၁၂/မဂဒ (နိုင်) ၁၅၈၆၂၄) ဆိုသူထံက ကျွန်ုပ်၏ မိတ်ဆွေမှ (၂၆-၁-၂၀၂၄) ရက်စွဲပါ **"မြေကွက်နှင့်နေအိမ်အပြီး အပိုင်အရောင်းအဝယ် ကတိစာချုပ်ဖြင့်"** ရောင်းဖိုးငွေ အပြေအကြေ ပေးချေ၍ ဝယ်ယူပိုင်ဆိုင် လက်ရှိလက်ရောက်ရရှိခဲ့ပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမျိုးမြင့်(ဘဏ်)**
**LL.B, D.B.L, တရားလွှတ်တော်ရှေ့နေ(၆၀၆၅/၉၄)**
**အမှတ်-၈၃၊ အခန်း(၁၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉၅၁၆၇၂၃၇၊ ၀၉-၇၈၅၁၆၇၂၃၇**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ (၂၀၂၃-၂၀၂၄)ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ်-20DMS/2023-2024(L)ဖြင့် ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် | - | (၂၉-၁-၂၀၂၄) ရက် (တနင်္လာနေ့) |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | (၁၃-၂-၂၀၂၄) ရက်၊ မွန်းတည့်(၁၂:၀၀) နာရီ |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | - | ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၃၄ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2F/1656, Toyota Hilux LN 165R Pick Up(4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာလာဝင်း ၁၂/သဃက(နိုင်)၀၄၂၅၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ
### ( တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅)
### ပြည်ထောင်စုတရားလွှတ်တော်ချုပ်
### ၂၀၂၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် - ၇၇၂

**Mr. Chen Zhiyong ပါ ၂** လျှောက်ထားသူများ

နှင့်

**Kezhiguang Electronic Science and Technology (Xinfeng)Co,Ltd.**
**(၎င်း၏ကိုယ်စား မန်နေဂျင်းဒါရိုက်တာ Mr.He Yihong)**
**(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်စိုးစန္ဒာမင်း)** လျှောက်ထားခံရသူ

၂၀၂၃ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားမပြင်ဆင်မှုအမှတ် ၄၁၃/၂၀၂၃၏ နေ့စဉ်မှတ်တမ်းအမိန့်နှင့် ထုံးပိုကျအပြီးသတ်အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့်ပတ်သက်၍ လျှောက်ထားခံရသူ Kezhiguang Electronic Science and Technology (Xinfeng)Co,Ltd. (၎င်း၏ကိုယ်စားမန်နေဂျင်းဒါရိုက်တာ Mr. He Yihong) (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်စိုးစန္ဒာမင်း) အမှတ်(၉)၊ ရွှေပင်လုံအိမ်ရာအပိုင်း(၆)၊ ဆရာစံလမ်း၊ ဓမ္မသုခ ဘုန်းကြီးကျောင်းအနောက်ဘက်၊ (၂၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်လိပ်စာ၊ ယခုလိပ်စာ မသိနေ) သိစေရမည်။

ဤအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ နေ့စဉ်မှတ်တမ်းအမိန့်နှင့် ထုံးပိုကျအပြီးသတ် အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်ခိုင်ဇာလင်းကတင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှု လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ နံနက် (၁၀)နာရီအချိန်တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ် လိမ့်မည်။

၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လင်းလင်းထိုက်)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/9796, Toyota Vitz SCP90 Saloon ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းဦး ၁၂/အစန (နိုင်)၂၁၂၅၇၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**

**နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်**

**ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၅၃၇ | ၄၆၇၁၉၀၀ |
| MTSH | ၂၉၀၀ | ၂၈၅၀ | ၇၀၂ | ၂၀၀၃၅၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၄၀ | ၃၁၆၀၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၁၆၀၀၅ | ၂၄၈၀၇၂၅၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၅၀ | ၁၂၅၀၀၀ |
| EFR | ၁၉၅၀ | ၁၉၅၀ | ၃၀၀ | ၅၇၆၅၀၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၂၂ | ၁၀၃၄၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၁၀၃၁ | ၁၇၅၄၀၅၀ |

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၉ယ/၄၈၆၃၈, Honda Click 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲထွဋ်ဦး ၆/မမန(နိုင်)၁၈၇၈၂၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/ ၆၇၅၈၆ , Honda Click 125 ၊အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဇော်ဦး ၆/မမန(နိုင်)၁၂၇၄၀၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၆၇၈၂၂,Honda Wave 110 အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်မြတ်အောင် ၆/ထဝန(နိုင်)၀၀၁၈၅၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**(ကညန) တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂၇

ဒေါ်ရန်ရွှေရိုး(ခ)ဒေါ်လှလှတင့် **နှင့်** ဦးသန့်ဇင်
**တရားလို** **တရားပြိုင်**

ဦးသန့်ဇင်၊ အမှတ်(၁၂၇)၊ ၄၆-လမ်း၊ ဗိုလ်တထောင်(၁၀)ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ နေ(ယခုနေရပ်လိပ်စာမသိ)သူသိစေရမည်။

သင့်အပေါ် ဒေါ်ရန်ရွှေရိုး(ခ)ဒေါ်လှလှတင့်က အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်)၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်။ (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ရက်) နေ့မွန်းမတည့်မီ ၉:၃၀နာရီတွင်အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ရုံးတော်မှငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့မဟုတ်သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်အတွင်း တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( ဆွေဆွေအေး )**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ဘိုးဘပိုင်/ မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့၊ ဘုမ္မော်ရပ်ကွက်၊ အကွက်အမှတ်( ၅၁)၊ အကွက်အမည်-ဘုမ္မော်မြောက် အကွက်၊ ဦးပိုင်အမှတ်( ၈၁ )၊ မြေဧရိယာ( ၀.၀၅၀ )ကေအနက်မှ မြေဧရိယာ( ၀.၀၂၈ )ကေရှိ အောက်ဖော်ပြပါအလားအလာရှိသည့် -

(က) အရှေ့လားသော် - ဦးပိုင်အမှတ်(၈၂)
( ခ ) အနောက်လားသော် - ဦးပိုင်အမှတ်(၈၁)
( ဂ ) တောင်လားသော် - ဦးပိုင်အမှတ်(၈၀.ခ)
(ဃ) မြောက်လားသော် - ညောင်ပင်ကြီးလမ်း

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်း)ပေးရန် ဒေါ်သန်းသန်းအေးပါ(၄)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ(၂၁)ရက်နေ့ မတိုင်မီသက်ဆိုင်ရာ စာရွက်စာတမ်း အထောက်ထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးသူထံ ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်းလာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီးလုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ထားဝယ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၇၊ မြေကွက်အမှတ် ၅၉၄၊ မြေကွက်တည်နေရာအမှတ် ၅၉၄၊ (၁၄၇)ရပ်ကွက်၊ ဒဂုံတောင် ဒေါ်ဌေးဌေးစိန် ၁၂/ကမတ(နိုင်)၀၂၆၁၇၈ အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဒေါ်ဌေးဌေးစိန်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်ငြိမ်းငြိမ်းအေး ၁၂/ဒဂရ(နိုင်)၀၀၆၉၄၈ မှ ပါမစ်မူရင်း(ခွတ်ပုံပျက်စီး)တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ပါမစ်မူရင်း၏မိသားစုခွတ်ပုံပေါ်ရှိ ဆေးသားများမှာ ပျက်ပြယ်ခြင်းကိစ္စနှင့် ပတ်သက်၍ဖြစ်ပေါ်လာသည့် ကိစ္စအဝဝအားတာဝန်ယူကြောင်းကျမ်းကျိန်လွှာ အမှတ် ၉၇၂/၂၀၂၄(၈-၁-၂၀၂၄)တို့တင်ပြ၍ လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာမြေပြင်တွင် မြေကွက်လပ်ဖြစ်ပြီး လျှောက်ထားသူမှ မြေပြင်ကွင်းဆင်းစစ်ဆေးသိရှိကြောင်းလက်မှတ်ရေးထိုးတင်ပြ၍ ဂရန်သစ်လျှောက် ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၄)လမ်း၊ အမှတ်(၁၈၄)၊ (၂)ခန်းတွဲ RC (၆)ထပ်အဆောက်အအုံ၏ ပဉ္စမထပ်(ဖလွှာ)(တိုက်ကိုမျက်နှာမူလျှင်လက်ဝဲဘက်ခြမ်းအခန်း)၊ ဧရိယာ(၅၄၀.၅)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးဘိုဝင်း (၁၄/ငသခ(နိုင်)၀၀၃၃၁၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်တင်ဇာဝင်း(၁၂/စခန(နိုင်)၀၈၂၆၁၁)က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တင်ဇာဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာကျော်**
**LL.B,D.B.L,D.I.L,D.I.P.L,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၃၇)၊ မဟာမြင့်မိုရ်လမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ Ph-09 765602290**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ (၉)မိုင်၊ ပြည်လမ်းနှင့်တော်ဝင်လမ်းထောင့်၊ သီရိရိပ်သာအဆင့်မြင့်အိမ်ရာ၊ အမှတ်(၃/က)၊ ကားပါကင်ပါဝင်သော (ဆိုင်ခန်း+လူနေအခန်း)RC(၁၂)ထပ်ခွဲ ကွန်ဒိုတိုက်ခန်းအဆောက်အအုံ၏(၄လွှာ)အခန်း၊ အခန်းအမှတ်(A-403)၊ ဧရိယာ(၁၈၅၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်တင်တင်အုန်း (၉/မသန(နိုင်)၀၀၇၆၈၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးကမ်ရှန်ထန်(၁၂/ဒဂန(နိုင်)၀၂၉၀၀၃)တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကမ်ရှန်ထန်၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သူဇာကျော် LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၃၇)၊ မဟာမြင့်မိုရ်လမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ Ph-09-765602290**

## (တတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

တနင်္သာရီတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ တိုင်းဒေသကြီးအတွင်းရှိ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံများ၊ မြို့နယ်ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများတွင် (၂၀၂၃-၂၀၂၄)ဘဏ္ဍာနှစ်အတွင်း အသုံးပြုရန်လိုအပ်လျက်ရှိသော ဆေးနှင့်ဆေးပစ္စည်းများ၊ ဓါတ်ခွဲခန်းနှင့် ဓါတ်မှန်ခန်းသုံးဆေးပစ္စည်းများ၊ Basic Consumable များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်၍ တတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၆-၁-၂၀၂၄ (သောကြာနေ့)
**တင်ဒါလျှောက်လွှာပိတ်သိမ်းမည့်ရက်** - ၈-၂-၂၀၂၄ (ကြာသပတေးနေ့) ညနေ (၄:၀၀)နာရီ

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊တိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ ထားဝယ်မြို့ (ဖုန်း-၀၅၉-၂၁၁၄၄၊ ၀၅၉-၂၃၅၈၃)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးတင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ ထားဝယ်မြို့**

## ဘိုးဘပိုင်/ မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့၊ ဘုမ္မော်ရပ်ကွက်၊ အကွက်အမှတ်(၅၁)၊ အကွက်အမည်-ဘုမ္မော်မြောက်အကွက်၊ ဦးပိုင် အမှတ် (၈၁)၊ မြေဧရိယာ(၀.၀၅၀)ကေအနက်မှ မြေဧရိယာ(၀.၀၂၂)ကေရှိ အောက်ဖော်ပြပါအလားအလာရှိသည့်

(က) အရှေ့လားသော် - ဦးပိုင်အမှတ်(၈၁)၊
(ခ) အနောက်လားသော် - ဗိုလ်သန်းကြည်လမ်း
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်( ၈၀.ခ)
(ဃ) မြောက်လားသော် - ညောင်ပင်ကြီးလမ်း

အထက်ဖော်ပြပါမြေကို ( ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်း)ပေးရန် ဒေါ်စုစုမေမှ လျှောက်ထားလာသည့်အတွက်ယင်း၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မတိုင်မီ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်ထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန၊ ထားဝယ်မြို့**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၂)၊ Grade-3 မှ မနန်းနန်း၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ ဦးရွှေရွှေထွန်း ၁၂/လသယ(နိုင်)၀၉၇၀၆၇ ဖြစ်ပါကြောင်း။

**ဦးရွှေရွှေထွန်း**

## မိခင်အမည်မှန်

မြိတ်မြို့၊ အထက(၈)၊ Grade-11မှ မောင်အောင်သူရထွန်း၏မိခင် ဒေါ်မိ၏ အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဒေါ်ညွန့်ခိုင်ဖြစ်ပါကြောင်း။

**ဒေါ်ညွန့်ခိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၂၇၅၁၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းမြင့် ၁၀/ခဆန(နိုင်)၀၀၇၂၆၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## အလိမ္မာ စာမှာရှိ

## အများသိစေရန် ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ ပံသုလမ်း၊ အမှတ်(၂.D.၂)နေ ဦးအောင်ဆန်းဦး (ဘ)ဦးစိုးတင့် (၁၀/မလမ(နိုင်)၁၅၄၉၅၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ဦးအောင်ဆန်းဦး(၁၀/မလမ(နိုင်)၁၅၄၉၅၃)နှင့် ဒေါ်အေးအေးမော်(၁၀/မလမ(နိုင်)၁၄၄၅၉၆)တို့သည် အစ္စလာမ်တရားဥပဒေနှင့်အညီ လွန်ခဲ့သော (၃၂)ခန့်က တရားဝင်အကြင်လင်မယားအဖြစ်ပေါင်းသင်းခဲ့ကြရာ သားသမီး(၅)ဦး ထွန်းကားခဲ့ပါသည်။ ဦးအောင်ဆန်းဦး၏ဇနီးဖြစ်သူ ဒေါ်အေးအေးမော်မှ လွန်ခဲ့သော ၂၀၂၃ ခုနှစ်၊ (၉)လပိုင်းတွင် မိမိ သဘောဖြင့် နေအိမ်မှထွက်သွားပြီး ယနေ့အချိန်ထိ မိသားစုအား ဆယ်သွယ်မှုမပြုလုပ်သည့်အတွက် စိတ်ပူပင်သောက ဖြစ်နေရပါသဖြင့် ဇနီးဖြစ်သူ ဒေါ်အေးအေးမော်၏ပြုလုပ်မှုများကို ခင်ပွန်းဖြစ်သူ ဦးအောင်ဆန်းဦး က နားလည်ခွင့်လွှတ်ပါကြောင်း မေတ္တာရှေ့ထား၍ ရောက်ရာအရပ်က နေအိမ်သို့ အမြန်ပြန်လာပါရန် ခင်ပွန်းဖြစ်သူ ဦးအောင်ဆန်းဦး ချစ်ခြင်းမေတ္တာ ကရုဏာမပျက် ကြိုဆိုပါကြောင်း ဦးအောင်ဆန်းဦးနှင့် ဇနီးဒေါ်အေးအေးမော်တို့သည် ယနေ့အချိန်ထိ တရားဝင်လင်မယားအဖြစ် တည်ရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**(ဦးအောင်ဆန်းဦး)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းဇော်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၄၃၀၉)**
**အမှတ်(၆၃၈)မောင်ငံ(၂၈)အိမ်ရပ်၊**
**အောက်လမ်းမကြီး၊ မော်လမြိုင်မြို့**




## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရွှေသစ္စာလမ်း၊ အမှတ်(၂၀၈/မြေညီ)ရှိ နေအိမ်တိုက်ခန်းမှာ ဦးဇော်မြင့် ၁၂/ရကန(နိုင်)၀၁၃၃၈၀ ပိုင်ဆိုင်သော နေအိမ်တိုက်ခန်းဖြစ်ပါသည်။ ဦးဇော်မြင့် ကွယ်လွန်ပြီးနောက် ၎င်း၏တစ်ဦးတည်းသောသားဖြစ်သူ ဦးဟိန်းသီဟ သည် အဆိုပါ နေအိမ်တိုက်ခန်းကို အမွေဆက်ခံခွင့် ရရှိလာပါသည်။ ဦးဟိန်းသီဟတွင် ပထမအိမ်ထောင်နှင့် ထွန်းကားခဲ့သည့် မဝင်းနန္ဒာအောင် ဟူသည့် သမီးတစ်ဦး ရှိပါသည်။ ထို့ကြောင့် အဆိုပါ နေအိမ်တိုက်ခန်းအား ဦးဟိန်းသီဟ ၏တရားဝင်သမီးဖြစ်သူ မဝင်းနန္ဒာအောင် မသိဘဲ မည်သူတစ်ဦးတစ်ယောက်ကမှ ရောင်းချခြင်း၊ ပေါင်နှံခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝါဝါမြင့်**
**၇/ ပခန(နိုင်)၂၃၀၅၈၅**
**(မဝင်းနန္ဒာအောင်၏ အုပ်ထိန်းသူ)**
**အမှတ်(၅၇၅)၊ မြလမ်း၊ ပြင်စည်ရပ်ကွက် ပဲခူးမြို့**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နိုင်နိုင်လတ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၈၂၂၀)**
**ဖုန်း-၀၉-၄၄၁၂၉၈၀၈၁**

## ပတ်စ်ပို့ပျောက်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သုခကျေးရွာနေ စိုင်းထွန်းမြတ် (ဘ) ဦးထပ်ပြန် ၅/ကလထ(နိုင်)၁၉၈၆၀၆ ၏ နိုင်ငံကူးလက်မှတ် အမှတ် M-၀၇၁၃၈၄ မှာ ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၃၉၉၁၇၈၆**

## ပတ်စ်ပို့ပျောက်

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နေ (ဘ)ဦးအေးလွင်၏သမီး မအိအိဖြိုး ၇/အတန(နိုင်)၁၅၄၀၂၇ ၏နိုင်ငံကူး လက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၄၀၈၄၅၄၆၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇၂)၊ မြေကွက်အမှတ် (၈၆)၊ အကျယ်အဝန်းပေ(၂၀၀ x ၂၀၀ )ရှိ နှစ်(၆၀)မြေငှားဂရန်ဟု ခေါ်တွင်ပြီး ရန်ကုန်မြို့ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၁၇၂)ရပ်ကွက်၊ မြလမ်းနှင့် (၇)လမ်းထောင့်၊ အမှတ် (၈၆)ဟု ခေါ်တွင်သော မြေကွက် (၁)ကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ၊ ဂိုဒေါင်နှင့် ထရန်စဖော်မာ (400 KVA) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီဂီ (၉/မရမ(နိုင်)၀၅၇၆၇၇) ထံမှ ကျွန်ုပ်၏ မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် ဂိုဒေါင်၊ အဆောက်အအုံ အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက မြေကွက်နှင့်ဂိုဒေါင်အဆောက်အအုံ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်လှလှခိုင် (လိုင်စင်- ၂၃၃၈၀) အထက်တန်းရှေ့နေ**
**အမှတ် (၃၉)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၄၉၃၇၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၃)၊ သုမနလမ်း၊ အမှတ်(၄၆၆/က+ခ) ဟုခေါ်တွင်သောမြေကွက်ပေါ်တွင် မြေရှင်(၁)ဦးသူရအောင် ၁၂/သဃက(နိုင်)၁၅၀၄၅၅၊(၂)ဒေါ်ညွန့်ညွန့်သန်း ၉/မရမ(နိုင်) ၀၇၆၉၈၆တို့နှင့်ကန်ထရိုက်တာ ဦးသန်းမြင့် ၁၂/တမန(နိုင်)၀၄၂၈၅၆)တို့ အခန်းပေးအခန်းယူ ဆောက်လုပ်ထားသော (၈ထပ်တိုက်)တိုက်ခန်းများအနက်မှ တတိယထပ်၊(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၉ပေx၅၄ပေ)တိုက်ခန်းနှင့် ရေမီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား စာချုပ်အဆက်စပ်ဖြင့် တရားဝင်ပိုင်ဆိုင်ထားသူ ဒေါ်ငုဝါလွင် ၁၄/မအပ(နိုင်)၁၅၈၉၂၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော (၁)ဒေါ်ခိုင်ဇာဝင်း ၇/ဒဥန(နိုင်)၁၂၁၀၇၆နှင့်(၂)မောင်လင်းထက်ဦးတို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဇာဝင်းနှင့် မောင်လင်းထက်ဦးတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)**

**ဒေါ်မြတ်နိုးခင်(LL.B)**
**အထက်တန်းရှေ့နေ**
**စဉ်-၅၃၁၅၀ (၃၀-၆-၂၀၂၀)**

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊(၃၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၇၂၀၉၈၉၂**

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ရေအေးကွင်းရပ်ကွက်၊ ကွင်း-၂၁၊ ညောင်ရွှေဟော်ကုန်းရပ်၊ဦးပိုင်အမှတ် (၁၀၉/န)၊ မြေကွက်အမှတ်(၁၇၀/၄၉၂)အတွင်း အရှေ့မှအနောက် ပေ ၇၀နှင့် တောင်မှမြောက်ဧရိယာ (၆၀)ပေ၊ လမ်းမြေဧရိယာ (၁၀x၇၀)ပေတို့သည် မြို့မြေစာရင်းတွင် ဂရန်ရှင် ဒေါ်မြအမည်ဖြင့် ထွက်ရှိထားသော မြေကွက်ဖြစ်ပြီး ဒေါ်အယ်နာဝေ(လ်)ဘာ ၁၃/တခလ(နိုင်)၀၁၄၂၅၃က လက်ဝယ်ထားပိုင်ဆိုင်လာခဲ့ပြီး ယခုအချိန်အခါတွင် အထက်ဖော်ပြပါ ဦးပိုင်အမှတ်(၁၀၉/န)၊ မြေကွက်အမှတ်(၁၇၀/၄၉၂)၏ မြေစာရင်းပုံစံ-၁၀၅ ပျောက်ဆုံးနေခဲ့သည်မှာ (၁၀)လခန့်ကြာမြင့်နေသည်ဖြစ်၍ ၎င်းမြေစာရင်းပုံစံ-၁၀၅ အား ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းကောက်ရထားသူများရှိပါက ပြန်လည်ပေးအပ်ဆက်သွယ်ပါရန်နှင့် ဆက်သွယ်ကန့်ကွက်မှုများမရှိပါက မြေစာရင်းပုံစံ-၁၀၅ပျောက်ဆုံးလျှောက်ထားမှုအား ဥပဒေနှင့်အညီဆက်လက်၍ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အယ်နာဝေ(လ်)ဘာ ၁၃/တခလ(နိုင်) ၀၁၄၂၅၃)၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ထူးသဇ္ဇာဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၈၃)**
**အမှတ်-၈၊ အေ-၂လမ်း၊ ၉၂-ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၀၄၄၁၀၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၅၆၁)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ (၂၄၀၀)စတုရန်းပေရှိ ဦးတင်မြင့်(AA-၁၃၈၈၇၇)အမည်ပေါက် ပါမစ်မြေကွက်ထဲမှ မြေကွက်အမှတ်(၅၆၂)နှင့်ကပ်လျက်ဘက်ခြမ်း အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)၊ (၁၂၀၀)စတုရန်းပေရှိ မခွဲမစိတ်ရသေးသော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့် အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းအောင်နိုင် ၁၂/လမန(နိုင်)၀၉၁၈၃၅မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မွန်မွန်ချို (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈) ဒေါ်စန္ဒာဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ စွယ်တော်ရပ်ကွက်၊ စွယ်တော်ရိပ်သာ(၁)၊ အမှတ် (၂၀၁မှ ၂၆၅)၊ RC(၈) ထပ် (Lift ပါ) အဆောက်အအုံ၏ တိုက်အမှတ် (B)၊ အခန်းအမှတ် (၅၀၆)၊ (၅-လွှာ)၊ စွယ်တော်စီးတီး အိမ်ရာကွန်ဒို၊ ဧရိယာ(၁၀၀၀) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်၎င်းကွန်ဒိုတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီးလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော Grand Style Co.,Ltd ၏ကိုယ်စား ဦးမြတ်သူ ၁၂/ဒဂန(နိုင်)၀၁၅၈၉၉ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဝင်းထိုက်မိုး ၆/မအရ(နိုင်) ၀၈၇၉၉၇)၊ဒေါ်တင်တင်ထွေး ၉/မကန(နိုင်)၀၆၉၉၉၆တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက် အထိကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည့်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းထိုက်မိုး ၊ ဒေါ်တင်တင်ထွေး တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ခိုင်ဝင်း (LL.B),WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ- (စဉ်-၁၅၃၈၈)**
**အမှတ်(၄၆) ၊ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**
**Ph-09-798199300,09-408474700**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/28648, Honda Click -150 ယာဉ်လက်ဝယ်ရှိသူ KZ-SHIN HTET Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ တယ်ချောင်းကျေးရွာအုပ်စု ဂျုံးဂျုံးဂျကျေးရွာ၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၃၀၁၊နတ်မင်းကြီး)၊ ဦးပိုင်အမှတ် (၃၀/၄ခ)၊ မြေဧရိယာ(၀.၅၃)ဧကရှိ မြေအား ဦးသက်အောင်အမည်ဖြင့် ဆန်စက်လုပ်ငန်းလုပ်ကိုင်ရန်အတွက် စက်မှု/စီးပွား မြေငှားဂရန်(အသစ်) လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကန့်ကွက်ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မော်လမြိုင်ကျွန်းမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ တယ်ချောင်းကျေးရွာအုပ်စု၊ ဂျုံးဂျုံးဂျကျေးရွာ၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၃၀၁၊နတ်မင်းကြီး)၊ ဦးပိုင်အမှတ် (၃၀/၄က)၊ မြေဧရိယာ(၀.၄၅)ဧကရှိ မြေအား ဦးစန်းသူအမည်ဖြင့် ဆန်စက်လုပ်ငန်းလုပ်ကိုင်ရန်အတွက် စက်မှုစီးပွားမြေငှားဂရန်(အသစ်)လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကန့်ကွက်ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မော်လမြိုင်ကျွန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မော်လမြိုင်ကျွန်းမြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ အမှတ်(၇/၃၆)၊ ၂လမ်း၊ မြို့သစ်(ဃ)ရပ်ကွက်နေ ဦးသန်းထွဋ်စိုး-ဒေါ်စန်းစန်းကြူတို့၏သား မောင်မင်းစွမ်းထက် ၇/ပခန(နိုင်)၄၃၈၀၆၀ သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သည့်ကိစ္စများအားလုံး၀(လုံး၀) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မိဘများ ဦးသန်းထွဋ်စိုး-ဒေါ်စန်းစန်းကြူ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ် ညည-၄၊ ဦးပိုင်အမှတ် (၁၇)၊ ၆၀.A နှင့် ၅၉ ကြား၊ မင်းကြီးရန်နောင်နှင့် မင်းရဲကျော်စွာလမ်းကြားရှိ ဦးစိုးဝင်းအမည်ပေါက်တောဂရန် မြေကွက်အား တရားလို ဒေါ်စိန်က တရားပြိုင် ဦးစိုးဝင်းအပေါ်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၅၆/၂၀၂၃) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်စိန် ၉/မခန(နိုင်)၁၁၆၉၅၃က တောဂရန်တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြု ပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၇၊ မြေကွက်အမှတ် ဂျီ ^၁၅၊ မြေဧရိယာ (၀.၁၆၃) ဧကရှိ၊ မြေပိုင်မြေ(မစိုက်ပျိုးမြေ) အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၆၃၅/P၊ ရိုးမရိပ်သာလမ်းသွယ်၊ ပြည်လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော(၂)ထပ်တိုက်အဆောက်အအုံအပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကြူရှမ်း(ဘ)ဦးမော်ကျိုင်းလီ ၁၃/ဟပတ(နိုင်)၀၀၂၁၃၈ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး မူလမြေအမည်ပေါက်ပိုင်ရှင်ဒေါ်ကြူရှမ်းနှင့် တိုက်ရိုက်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုရောင်းချပေးနိုင်ကြောင်းအဆိုရှိသူ အမှတ်-၁၀/၂၃၊ သိပ္ပံလမ်း၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးနေ ဒေါ်သီတာအေး (ဘ) ဦးအိုက်လူ ၁၂/ပဇတ(နိုင်)၀၃၂၀၆၂ထံမှဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအား အရောင်းအပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.GP, LL.B, D.ML)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **အမှတ် -၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** | **အမှတ်-၁၂၂၊ ၂-လမ်း၊အရှေ့ကြို့ကုန်း** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊** |
| **ဖုန်း- ၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၈၆၃၅၁၂၊၀၉-၂၅၄၄၈၈၃၃၀** |

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၇

| | | |
|---|---|---|
| ဒေါ်လှပျော် | နှင့် | ဦးကံမောင် |
| တရားလို | | တရားပြိုင် |

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နန်းတော်ရာစံပြကွက်သစ်၊ နယ်မြေ(၄) ရပ်ကွက်၊ ၁၀၃၊ မြန်မာ့သစ်စက် နေ ဦးကံမောင်(ဘ)ဦးအေး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

တရားပြိုင် ဦးကံမောင် သင့်အပေါ်၌ တရားလို ဒေါ်လှပျော်က ပြည်ကြီးတံခွန်မြို့နယ်၊ ယာတော်ရပ်ကွက်၊ အကွက်အမှတ်(နန-၁၆)၊ ဦးပိုင်အမှတ်(၄၈)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးကံမောင်အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေ နှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်(၁၃၈၅ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလို သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကြည်ပြာဆင့်)**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ အ.ထ.က(ဗျက်ကြီး)မှ မထက်မြတ်မင်း Grade- 11နှင့် မောင်အောင်မြတ်မင်း Grade-7 တို့၏မိဘအမည်မှန်မှာဦးလှမင်းထွန်း နှင့်ဒေါ်မေယုလှိုင်တို့ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ အ.ထ.က (ဗျက်ကြီး)မှ မရွှန်းလဲ့သူ Grade- 8 ၏ဖခင်အမည်မှန်မှာ ဦးခင်မောင်လှ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ အ.ထ.က (ဗျက်ကြီး)မှ မောင်ဟိန်းမြတ်မိုး Grade-9 ၏ဖခင်အမည်မှန်မှာ ဦးအောင်ကျော်မိုး ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ သဖန်း (အထက)KGတန်းမှ မောင်စိုင်းခန့်သော်၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်း အရ ဒေါ်မိုးထွေး ၉/ မထလ(နိုင်) ၂၄၇၂၁၀ ဖြစ်ပါကြောင်း။

**ဒေါ်မိုးထွေး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/လှိုင်ထိပ်ခေါင်တင်၊ ဦးပိုင်အမှတ် ၂၉၃၊ ဧရိယာ ၀.၁၀၆ဧကအား ဦးအောင်မျိုးသူ(ဘ)ဦးလှိုင်ဟုန်(ခ)ဦးခင်သောင်း ၉/တကန(နိုင်)၀၀၀၀၂၃ မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၂၈၈/၂၀၂၃ ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅) ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မိချောင်းကန်အပိုင်း (၁) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀)၊ ဝေဇယန္တာလမ်း၊ တိုက်အမှတ်-၂၊ (၄)ခန်းတွဲ (၇)ထပ်တိုက်၏ စတုတ္ထထပ်(တိုက်ရှေ့မျက်နှာမူလျှင် ယာဘက်) (5.D)ဟု ခေါ်တွင်သော အကျယ်အဝန်း (၂၀.၆ပေx၇၇ပေ)ရှိ တိုက်ခန်းအား ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံအဆိုပြု သူ ဒေါ်ညွှန့်သိန်း(ဘ) ဦးပါဖေ (၁၀/မလမ(နိုင်)၀၃၉၁၂၁)၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဇာနည်ဦး(ဘ)ဦးလေး မောင် (၁၀/မလမ(နိုင်)၁၇၇၆၈၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာမြင့်ဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၈)**
**အမှတ်-၁၁၆/လ၊ ကျန်စစ်သားလမ်းသွယ်၊ ၂၀ ရပ်ကွက်၊**
**ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၀၅၂၈၆၁၆**

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ
## ( တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅)
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၂၃ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် - ၇၀၂

| | | |
|---|---|---|
| ဦးစိန် | နှင့် | လျှောက်ထားသူ |
| ဦးဇော်နိုင် ပါ ၃ | | လျှောက်ထားခံရသူများ |

၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၁၇ရက်စွဲပါ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမဒုတိယ အယူခံမှုအမှတ်-၂၄/၂၀၂၃၏ နေ့စဉ်မှတ်တမ်း အမိန့်နှင့်ဒီကရီမှ ပြင်ဆင်မှုလျှောက်လွှာနှင့် ပတ်သက်၍လျှောက်ထားခံရသူ ၁။ ဦးဇော်နိုင်၊ RTCတိုက်ခန်း၊ ကွက်အမှတ်(၄၉၁)၊ တမ္ပဝတီရပ်ကွက် ချမ်းမြသာစည်မြို့နယ် ၊ မန္တလေးမြို့ ။၂။ ဦးဖိုးကျော် ၊ ၁၁၄-လမ်း၊ ၅၉x၆၀ လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ (ယခင်လိပ်စာ၊ ယခုလိပ်စာ မသိနေ) သိစေရမည်။

ဤအမှုတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၏ နေ့စဉ်မှတ်တမ်းအမိန့်နှင့်ဒီကရီမှ ပြင်ဆင်မှုလျှောက်လွှာ တစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်သန်းသန်းကတင်သွင်း၍ ဤရုံး၌မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှု လျှောက်လွှာကို ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ရက်နေ့ နံနက် ၁၀နာရီအချိန်တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ၂၃ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လင်းလင်းထိုက်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## တစ်ဦးတည်းဖြစ်သည်မှာ မှန်ကန်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ် (၃၅)နေ ဦးမြင့်ကြည် ၏သား မောင်ကျော်သူရ(ခ)မောင်ကျော်ဇင်လတ် (၈-၅-၁၉၇၈) ၁၂/မရက(နိုင်)၀၄၀၇၁၁ အမည်နှစ်မျိုးဖြစ်သော်လည်း လူပုဂ္ဂိုလ်အရ တစ်ဦးတည်းဖြစ်သည်မှာ မှန်ကန်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ် ၆/ရွှေနံ့သာအရှေ့ရပ်၊ မြေဧရိယာ(၀.၀၈၂)ဧက၊မြေကွက်အမှတ်( ဥ-၁၇၈၁)၊ ဒေါ်အေးအေးမူ(ဘ)ဦးသာဘန်း အမည်ပေါက်၊ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်အေးအေးမူ ၁၂/သဃက(နိုင်)၀၀၇၅၃၅(ဘ)ဦးသာဘန်းမှ ဒေါ်နွယ်နွယ်အေး ၁၁/မဥန(နိုင်) ၀၇၂၄၄၅ (ဘ)ဦးကျော်စိန်လှ အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍(၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၈၆၄၁၁, Circular-125 ယာဉ်လက်ဝယ်ရှိသူ Three Tiger Co.,Ltd. က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/77841, Yamaha FZ-150, M/C ယာဉ်လက်ဝယ်ရှိသူ Eight Cloud Public Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 33W/29676, Honda Click -125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းမြင့်စိုး ၉/မရတ(နိုင်) ၁၃၀၄၁၇ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7M/5880, SOJEN, Pick Up (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းပြည့်သက်ဝင်း ၉/မထလ (ဧည့်)၀၀၀၁၀၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/27205, Honda Scoopy-110 ,Golden Mandalar Prince Co.,ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4Q/3894, Toyota RUSH F800LE,Station Wagon(4X2)L အမည်ပေါက်သူ ဦးစိုးဦး ၁၄/အမန(နိုင်)၀၇၂၃၉၉မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံးမိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 35W/47232, Honda Dream-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထိန်လင်း(ခ)ထွန်းဇော်စိုး ၁၄/ပသရ(နိုင်)၀၀၀၈၆၅ မှ ဖောင်းကြွနံပါတ်ပြား လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက်ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ၂၀)
### ပုသိမ်မြို့နယ်တရားရုံးတော်
### ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၁

ဒေါ်လေးခင် (တရားလို) နှင့် ဦးမင်းသူမြင့် (တရားပြိုင်)

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ အမှတ်(၁)ရပ်ကွက်၊ စွန်းလွန်းလမ်း၊ ဖြတ်လမ်း(၄)နှင့် (၅)ကြားနေ ဦးမင်းသူမြင့်(ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်လေးခင်က အကြင်လင်မယားအဖြစ်မှ ကွာရှင်းပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ရက်)နေ့ မွန်းမတည့်မီ နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည် သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ(၂၃)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**( နေမျိုးအောင် )**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပုသိမ်မြို့နယ်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် နေ ဦးအောင်ကျော်သက်(ခ)ဦးကျော်သက် ၁၂/ကတန(နိုင်)၀၇၆၇၅၄ မှာ မနေကြည်ထွန်း ၁၂/ကတန(နိုင်)၁၂၈၃၉၈ ၏ဖခင်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဖြူးမြို့နယ်၊ ပတ္တာကျေးရွာအုပ်စု၊ ပတ္တာကျေးရွာနေ (ဘ) ဦးပုရင်၏သား မောင်ဇော်ဇော်နှင့် မောင်ဇော်ဇော်မျိုးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ဇော်ဇော်**
**၇/ဖမန(နိုင်)၁၄၀၆၆၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ် အပိုင်း ၃/၁၊ ဦးပိုင်အမှတ် (၁၉-ဈ/၁)/ ၃၇ x၃၈ကြား၊ ၆၇x၆၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြည်ကြည်ဝင်း ၉/မရမ(နိုင်)၀၇၄၀၁၄၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၃၈၇/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သဇင် ၉/မရမ(နိုင်)၀၅၅၁၅၀ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန် သမ္မာန်စာ
### ( တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
### မိတ္ထီလာမြို့နယ်တရားရုံး
### ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁

ရဲတပ်ကြပ် လှထွေး (တရားလို) နှင့် ဒေါ်မြင့်မြင့်ထွေး (တရားပြိုင်)

မိတ္ထီလာမြို့၊ အောင်ဇေယျာနယ်မြေ(၁၃)နေ တရားပြိုင် ဒေါ်မြင့်မြင့်ထွေး(ယခုနေရပ်လိပ်စာ မသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ရဲတပ်ကြပ်လှထွေးမှ အကြင်လင်မယားအရာမှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ (၅)ရက်(၁၃၈၅ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်)မွန်းမတည့်မီ နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက် များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်း

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**( ဒေါ်ရွှေပွင့်)**
**မြို့နယ်တရားသူကြီး**
**မိတ္ထီလာမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန် ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇

ဒေါ်လှပျော် တရားလို နှင့် တကကအုန်းလှိုင် တရားပြိုင်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ မမ-၁၂နေ တကကအုန်းလှိုင်(ဘ)ဦးညွန့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်လှပျော်က "ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၅ရက် (၁၃၈၅ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ လ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**( ထိုက်ထိုက်ထွန်း )**
**တွဲဖက်မြို့ နယ်တရားသူကြီး(၃)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ဦးအောင်နိုင် (ဘ)ဦးမင်းနိုင်နှင့်အများသိစေရန် ကန့်ကွက်ကြေညာခြင်း

မိတ္ထီလာမြို့ သီရိမင်္ဂလာ(က)ရပ်၊ နယ်မြေ(၈)၊ မြခရေလမ်းနေ ဦးစိုးမိုးကျော်နှင့် ဒေါ်နီလာထွန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးအောင်နိုင်နှင့် အများသိစေရန် ကန့်ကွက်ကြေညာအပ်ပါသည်။

မိတ္ထီလာမြို့၊ ပေါက်ချောင်းရိပ်သာရပ်၊ နယ်မြေ(၁၂)၊ ကွင်းအမှတ်(၇၄၂)၊ မုံပင်ကွင်း၊ ဦးပိုင်အမှတ်(၂/၁၄၀)၊ ဧရိယာ (၁.၆၇)ဧကအနက်မှ (၅၀ပေx ၆၀ပေ)၊ ဧရိယာ(၀.၀၆၉)ဧကရှိ မြေကွက်ကိုမူလပိုင်ရှင် ဦးသန်းထွန်းထံမှ (၂၈-၄-၂၀၁၄) ရက်ကအပြီးအပိုင်ဝယ်ယူလက်ရောက်ရယူခဲ့ပါသည်။

ဦးစိုးမိုးကျော်၊ ဒေါ်နီလာထွန်းတို့မှ လက်ရောက်ရယူထားသော ဝိုင်းမြေကို အုတ်တံတိုင်းကာရံပြီးတံခါးကို သံတံခါးဖြင့်ဝိုင်းမြေအားသော့ခတ်ထားခဲ့ပါသည်။ (၁၃-၁-၂၀၂၄)ရက်က ဦးအောင်နိုင်သည် ဦးစိုးမိုးကျော်၊ ဒေါ်နီလာထွန်းတို့ လက်ရောက်ယူထားသော ဝိုင်းခြံမြေသော့ကို ဖျက်ဆီးကာ ဝိုင်းမြေအတွင်း ကျူးကျော်ဝင်ရောက်ခဲ့ပါသည်။ ဦးအောင်နိုင် သည်ဝိုင်းမြေကျူးကျော်ရုံမျှမက ဝိုင်းခြံမြေရောင်းမည်ဟု အွန်လိုင်းလူမှုကွန်ယက်စာမျက်နှာတွင်တင်ကာ မဟုတ်မမှန်ကြေညာခဲ့ပါသည်။ ဦးစိုးမိုးကျော်၊ ဒေါ်နီလာထွန်းတို့ လက်ရှိပိုင်ဆိုင်သော ဝိုင်းမြေနှင့် ဦးအောင်နိုင်သည်မည်သို့မျှသက်ဆိုင်ခြင်း မရှိပါကြောင်းနှင့် အရောင်းကြော်ငြာတင်ခြင်းကို ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ပိုင်ရှင်များမသိဘဲ ဦးအောင်နိုင်သည် ကျွန်ုပ်မိတ်ဆွေများပိုင်ဝိုင်းမြေကိုထည့်သွင်းရောင်းချခဲ့ပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြင့်ဇော် (စဉ် - ၁၄၉၅၇) တရားလွှတ်တော်ရှေ့နေ**
**ပန်းတိမ်တန်းရပ်၊ မိတ္ထီလာမြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွာဘဲရပ်၊ ရတနာမာန်အောင်ရပ်ကွက်နေ ဦးမျိုးဝင်း၊ ဒေါ်ကြည်ကြည်ဌေးတို့၏ သားဖြစ်သူ ကိုကျော်သီဟ ၇/ပမန(နိုင်) ၁၆၂၀၉၀ သည် မိသားစုအား အမျိုးမျိုးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သောကြောင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား မိသားစုဝင်များမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးမျိုးဝင်း-ဒေါ်ကြည်ကြည်ဌေးတို့၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆွေမာစန်း (LLB) (DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်၊ ၁၂၃၂၀/၁၇)**
**Shwe Lin Pann Villa၊ ဘုရင့်နောင်လမ်း၊ ပြည်မြို့**
**ဖုန်း၊ ၀၉-၄၂၃၆၇၈၂၇၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

စစ်တွေမြို့၊ မြို့သူကြီးရပ်ကွက်နေ ဦးစစ်အေးပိုင်က စစ်တွေမြို့၊ မြို့သူကြီးရပ်ကွက်၊ အကွက်အမှတ် (၃၄)၊ ပါဒလိပ်ချိုပ်အရှေ့အကွက်၊ ဦးပိုင်အမှတ်(၇၁-ခ)၊ ဧရိယာ(၀.၀၈၀)ဧကရှိ ဘိုးဘပိုင်(B)၊ မြို့မြေအား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မသိန်းလှထံမှ ဦးစစ်အေးပိုင်က စစ်တွေမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် ၁၈၄/၂၀၂၃အရ အိမ်ရာမြေနှင့်နေအိမ်အဆောက်အအုံ အပြီးအပိုင် အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားရှိပြီး ၎င်းအမည်ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသောသက်သေအထောက်အထားများဖြင့် စစ်တွေမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူးထံ ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ စစ်တွေမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂-အိုင်)၊ မြေကွက်အမှတ်(၄၃၈ E/2B-2A)၊ ဧရိယာ(၀.၀၅၉၅)ဧကရှိ ဂရန်ရှိမြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၈/E)၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်ဟု ခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်ကြည်ကြည်စိန် ၁၂/ပဇတ(နိုင်)၀၁၅၂၅၇ အမည်ပေါက်တည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ ပိုင်ဆိုင်မှုအရှုပ်အရှင်း ကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွှန်မွှန်ချို (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈) ဒေါ်စန္ဒာဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၂၅၀-၆၈၅-၇၁၇၊ ၀၉-၇၉၇-၆၄၀-၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၂၅၅၉၊ဒ-၃၂၅၆၀)၊ အကျယ်အဝန်း (၈၀x၈၀)ပေ၊ ဧရိယာ (၀.၁၄၆)ဧကရှိ မြေကွက် (၂)ကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့/မြေဌာနတွင် ဒေါ်ခင်ဥမ္မာအောင် ၁၂/ကမတ(နိုင်)၀၀၉၆၃၉အမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်ထားပြီး ၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးကျော်စွာထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇာခြည်ထွန်း ၈/မကန(နိုင်)၂၁၇၈၃၆က (၁၉-၁-၂၀၂၄)ရက်တွင် အပြီးပိုင် ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ များ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍(၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သူ ဒေါ်ဇာခြည်ထွန်းထံသို့ဖြစ်စေ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အပြီးသတ်အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ - ဒေါ်ဇာခြည်ထွန်း**
